

# နိဗ္ဗာန်အရောက်ပို့မည့် ဂါထာတော်

## အနိစ္စာ ဝတ သင်္ခါရာ

ဟောကြားသည့်နေ့

၂-၉-၆၁

(၂၇၉)

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၁၈) မှ ထုတ်နုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသောတရားတော်

# "နိဗ္ဗာန်အရောက်ပို့မည့်ဂါထာတော်"

## (အနိစ္စာဝတသင်္ခါရာ)

ဟောကြားသည့်နေ့ (၂-၉-၆၁)

ကဲ. . . တရားနှလုံးသွင်းကြ၊ ဒီနေ့ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန်စံတဲ့အချိန်မှာ ဘုရားရှိတုန်း ကတည်းက ဟောထားခဲ့တဲ့တရား၊ နောက် သိကြားမင်းက ဘုရား ပရိနိဗ္ဗာန်စံကာနီးကျတော့ ဘုရားပရိနိဗ္ဗာန်စံတဲ့အချိန် မှာပဲ သူရွတ်ပါတယ်နော် . . . (မှန်ပါ့)၊ ဘာတုံးလို့ မေးတဲ့ အခါကျတော့ ဒကာ ဒကာမတို့ ကိုယ်ရပြီးသား ဂါထာလို့

မှတ်ရလိမ့်မယ်နော် . . . (မှန်ပါ့ဘုရား)၊ ဘာတဲ့ဆိုတော့. . .

**အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒ ဝယ ဓမ္မိနော။**

**ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။**

ဆိုတာ သိကြားမင်းက ဘုရားပရိနိဗ္ဗာန်စံလို့ ရွှတ်တဲ့ဂါထာ . . . (မှန်ပါ့ဘုရား)။

## အစအဆုံးအလုပ်ဂါထာ

အဲဒါ ဒကာ ဒကာမတွေ ဘာဂါထာပါလိမ့်မလဲလို့ မသိမှာစိုးတဲ့အတွက် အလုပ်အစနဲ့ အလုပ်အဆုံးကို ပြတဲ့ဂါထာလို့ မှတ်ပါ . . . (မှန်ပါ့ဘုရား)။

ဘာပြပါလိမ့် . . . (အလုပ်အစနဲ့ အလုပ်အဆုံးပြတဲ့ဂါထာပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေကို ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်ပြမှာပဲ . . . (မှန်လှပါ)။

ဝိပဿနာဉာဏ်နဲ့ မဂ်ဉာဏ်ကိုပဲ ပြမှာဖြစ်နေတော့ ဩော် . . . ဒို့ အလုပ်သမားတွေအတွက်မှာဖြင့် ဒီဂါထာရပြီး ဒီဂါထာအတိုင်း အလုပ်-လုပ်ရလို့ရှိရင်ဖြင့် ဒို့သည်လိုရာခရီး အပြီးတိုင် ရောက်မှာပဲဆိုတာကို ဘုန်းကြီးတို့ ဒကာ ဒကာမတွေက မှတ်ထားဖို့ပါပဲ. . . (မှန်ပါ့)။

## အနိစ္စာဝတသင်္ခါရာ

ကိုင်း. . . ဒါဖြင့် ပြောကြပါစို့ သူ့ဂါထာ အနိစ္စာဝတ သင်္ခါရာ ဝတ=စင်စစ်ကေန် အမှန်ပြောရမှာဖြင့်၊ **သင်္ခါရာ**= မင်းတို့သန္တာန်၌ အခုမှပေါ်လာတဲ့ တရားတွေသည်၊ **အနိစ္စာ**= ပျက်မှာချည့်ပဲ . . . (မှန်လှပါ)။

မင်းတို့သန္တာန်ပေါ်လာမည့် တရားဟူသ၍ ဘာတဲ့ . . . (ပျက်မှာချည့်ပါဘုရား)။

## ဉာဏ်ကလေးနဲ့စောင့်ပြီးပေါ်တာကြည့်

ဒါဖြင့် . . . ဒကာ ဒကာမတွေက ဉာဏ်ကလေးနဲ့ စောင့်ပြီးသကာလ ပေါ်တာကြည့်နေဖို့ အရေးကြီးတယ် . . . (မှန်ပါ့)၊ ဉာဏ်ကလေးနဲ့စောင့်ပြီး ပေါ်တာကြည့် နေတော့ ပေါ်တဲ့တရားသည် **ဝတဧကန္တေန**=စင်စစ်အားဖြင့်၊ စင်စစ်တော့ကွာတဲ့ အနိစ္စမှာ သူလမ်းဆုံးလိမ့်မယ် . . . တဲ့ (မှန်ပါ့)။

ပေါ်တဲ့တရားကလေး ဘယ်လမ်းဆုံးမယ် . . . (အနိစ္စမှာ လမ်းဆုံးပါမယ်ဘုရား)။

အဲဒါဘုရားက မသိမှာစိုးလို့ **သင်္ခါရာ**=မင်းတို့သန္တာန် ၌ အခုမှ ပေါ်လာတဲ့တရားတွေသည်၊ **ဝတ**=စင်စစ်၊ **အနိစ္စာ**= ဖြစ်ပြီး၍ ပျက်ကြလေကုန်၏ . . . (မှန်ပါ့)၊ ဩော် . . .

ဒို့သန္တာန်မှာဖြင့် ဘယ်ခမ္ဘပေါ်လာလာ ဖြစ်ပြီးပျက်မှာပဲ ဖြစ်ပြီးပျက်မှာပဲဆိုပြီး ဒကာ ဒကာမတွေက စောင့်ကြည့်နေဖို့ အရေးကြီးတယ် . . . (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတွေ အရေးကြီးတာက ဘာပါလိမ့် . . . (စောင့်ပြီးကြည့်နေဖို့ အရေးကြီးပါတယ်ဘုရား)။

ဩော် . . . ဝိပဿနာ အလုပ်ဆိုတာ ဘာပါလိမ့် မတုံးလို့ အောက်မေ့နေတယ် ဒကာ ဒကာမတွေ ဉာဏ်နဲ့ စောင့်ကြည့်ဖို့ပဲ . . . (မှန်ပါ့ဘုရား)။

## ဉာဏ်နဲ့ စောင့်ကြည့်တာဝိပဿနာ

ဝိပဿနာအလုပ်ဆိုတာ . . . (ဉာဏ်နဲ့စောင့်ကြည့်ဖို့ပါဘုရား)၊ ဉာဏ်နဲ့စောင့်ကြည့်ပြီးသကာလ ဒကာ ဒကာမတွေက ခန္ဓာကြည့်ပါတဲ့၊ တခြားလဲ မကြည့်နဲ့နော် . . . (မှန်ပါ့ဘုရား)။

ခန္ဓာကြည့် ဆိုတော့ ဝေဒနာကြည့်တဲ့ပုဂ္ဂိုလ်က ဝေဒနာက္ခန္ဓာပဲကြည့် . . . (မှန်ပါ့)၊ ဝိညာဏ်ဆိုတဲ့ စိတ်ကြည့်မည့် ပုဂ္ဂိုလ်က စိတ်ကိုပဲ ကြည့်ရလိမ့်မယ် . . . (မှန်ပါ့)၊ ဒီပြင်တရားကို မကြည့်ပါနဲ့။

အဲဒီ တရားကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးကရော၊ သိကြားမင်းက ပရိနိဗ္ဗာန်စံတဲ့ဘုရားကို ဒီဂါထာနဲ့

ပူဇော်တာ ထောက်လိုက်တော့ **သင်္ခါရာ-အခုမှ** ပေါ်လာတဲ့ သင်္ခါရတရားတွေသည်၊ ဝတ-စင်စစ်၊ **အနိစ္စာ-မမြဲကြကုန်** (ဝါ) ပျက်စီးကြကုန်၏ဆိုတော့ မင်းတို့သန္တာန်မှာကွာတဲ့ တရားတွေ ရှည်ရှည်ရှာမနေပါနဲ့၊ ပေါ်လာတဲ့ တရားပျက်တာ ကိုသာ ကြည့်နေပါတဲ့ . . . (မှန်ပါ့)။

ပေါ်လာတဲ့တရား . . . (ပျက်တာကိုသာ ကြည့်နေရပါမယ်ဘုရား)။

## ပေါ်လာတဲ့တရား၊ ပျက်တာကိုသာကြည့်

ပေါ်တာပျက်တာ၊ ပေါ်တာပျက်တာပဲ ကြည့်ပါလို့ ဆိုတာ ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှတ်ထားပါ . . . (မှန်ပါ့ဘုရား)၊ ဩော် . . . ဘုရားရှိစဉ်အခါတုန်းကလဲ ဟောထားတယ် . . . (မှန်ပါ့)၊ ဘုရားပရိနိဗ္ဗာန်စံတော့လဲ ဩော် . . . ဒီကိုယ်တော်ကြီး ဘာဖြစ်ပါလိမ့်မတုံးဆိုတာ မအောက်မေ့ပါနဲ့တဲ့၊ ပြောတာသာ ပရိနိဗ္ဗာန်စံတာပါ၊ စင်စစ် သင်္ခါရချုပ်တာ . . . (မှန်ပါ့)။

စင်စစ်ဘာပါလိမ့် . . . (သင်္ခါရချုပ်တာပါဘုရား)၊ ဩော် . . . ဒါဖြင့် ဒကာ ဒကာမတွေလဲ မိုးပေါ်ကျတာလား . . . တဲ့၊ အကြောင်း တရားတွေကြောင့် ဖြစ်ပေါ်လာကြတဲ့ သင်္ခါရတရားတွေလို အခုတရားနာနေတဲ့ ဒကာ ဒကာမတွေ

နဲ့ တရားဟောတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်သူမှ မိုးပေါ်ကျ မရှိဘူး နော် . . . (မှန်ပါ့)၊ အကြောင်းတရားကြောင့် ဖြစ်ပေါ်လာတဲ့ သင်္ခါရချည့် မှတ်လိုက်ပါ . . . (မှန်ပါ့)။

အကြောင်းတရားကြောင့် ဖြစ်ပေါ်လာတဲ့ . . . (သင်္ခါရတရားချည့်ပါဘုရား)။

အဲဒါကိုတဲ့ သေသေချာချာပြောမယ်၊ စင်စစ်အားဖြင့် ကွာ အနိစ္စပါပဲ . . . (မှန်ပါ့)။

## ဖြစ်ပေါ်လာတဲ့တရားကသင်္ခါရ

ဖြစ်ပေါ်လာတဲ့တရားက သင်္ခါရ . . . (မှန်ပါ့)၊ သူဆုံးသွားတဲ့ အခါကျတော့ အနိစ္စ . . . (မှန်ပါ့)၊ ဒါဖြင့် 'အနိစ္စဝတ သင်္ခါရာ' သဘောကျပလား . . . (ကျပါပြီ)။

ဒကာကြွယ် ဘာတဲ့ . . . (အနိစ္စာဝတ သင်္ခါရာပါ ဘုရား)၊ အဲ. . .ကိုယ်ရပြီးသားဂါထာဖြစ်နေတော့ သြော် . . . ဒို့သန္တာန်မှာ ဒီဥစ္စာပဲရှိတယ်ဆိုတာကို သိကြားကလဲ ရွတ်၊ ဘုရားကလဲ သက်တော်ထင်ရှားရှိစဉ်အခါတုန်းက ဟောပြီးသကာလထားတော့ ဒီဥစ္စာက ရှေ့ပိုင်းက ဝိပဿနာ ဉာဏ်ပြတာ . . . (မှန်ပါ့)၊ နောက်ပိုင်းက နိဗ္ဗာန်ပြတာ . . . (မှန်လှပါ)၊ ရှေ့ပိုင်းက . . . (ဝိပဿနာဉာဏ်ပြပါတယ် ဘုရား)၊ နောက်ပိုင်းက . . . (နိဗ္ဗာန်ပြပါတယ်ဘုရား)၊ နိဗ္ဗာန်

ပြမယ်ဆိုတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဩော် . . . ဝိပဿနာအလုပ်ဆိုတာ တခြားလား အောက်မေ့နေတာပဲ၊ ရှေ့ပိုင်းက အနိစ္စနဲ့ သင်္ခါရ၊ သင်္ခါရနဲ့ အနိစ္စ၊ ဒို့မြင်အောင် ကြည့်ဖို့ပဲ . . . (မှန်လှပါဘုရား)။

## သင်္ခါရနဲ့ အနိစ္စမြင်အောင်ကြည့်

သင်္ခါရနဲ့ အနိစ္စ . . . (မြင်အောင်ကြည့်ဖို့ပါဘုရား)၊ ဒါဖြင့် ဦးလှူဘူးနေရာကျပြီ . . . (ကျပါပြီ)၊ နေရာကျပြီ၊ ဥပမာ ဒကာ ဒကာမတွေ ကိုယ့်လက်မောင်းကလေးကိုပဲ လက်သည်းကလေးနဲ့ နည်းနည်းခြစ်ကြည့်၊ ဘယ်ဘက် လက်မောင်းကလေးတန်းပြီးသကာလ ညာဘက်လက်သည်း ကလေးနဲ့ ခြစ်လိုက်တာပေါ့ဗျာ . . . (မှန်ပါ့)၊ ခြစ်လိုက်တဲ့ အခါကျတော့ ဩော် . . . ဒီပေါ်လာတာကလေး ဘာခေါ် ကြမယ် . . . (ဝေဒနာပါဘုရား)၊ ပေါ်လာတဲ့ တရားကလေး ဟာလေ . . . (သင်္ခါရတရားပါဘုရား)။

အင်း . . . ဒကာသစ်ရေ ပေါ်လာတဲ့တရား၊ သင်္ခါရ တရားဟုတ်ပြီ . . . (မှန်ပါ့)၊ ဒီဖောဋ္ဌဗ္ဗာရုံဆိုတဲ့ လက်သည်း နဲ့ မထိဘဲနဲ့ ပေါ်ပါ့မလား . . . (မပေါ်ပါဘုရား)၊ ဒါဖြင့် လက်သည်းပြုပြင်လို့ ပေါ်လာတဲ့ ဝေဒနာသင်္ခါရ . . . (မှန်ပါ့)။

လက်သည်းပြုပြင်လို့ပေါ်လာတဲ့ . . . (ဝေဒနာ သင်္ခါရပါဘုရား)၊ ဒါ. . . မှတ်ထားလိုက်တော့ ဩော် . . . ပြုပြင်လို့ ပေါ်လာတာ သင်္ခါရ . . . (မှန်ပါ)။

ဒကာကြွယ် ဘယ့်နှယ်မှတ်မတုံး . . . (ပြုပြင်လို့ ပေါ်လာတာသင်္ခါရပါဘုရား)။

ပြုပြင်လို့ပေါ်လာတာ သင်္ခါရဆိုတော့ ခင်ဗျားတို့ ဒကာ ဒကာမတွေမှာလဲ ခန္ဓာကိုယ်ထဲမှာ အခုလို လေထိလို့ လေကပြုပြင်လို့ ပေါ်လာတဲ့ အေးတဲ့ဝေဒနာ . . . (မှန်ပါ)၊ နေကပြုပြင်လို့ ပေါ်လာတဲ့ ပူတဲ့ဝေဒနာ . . . (မှန်လှပါ ဘုရား)၊ ကိုယ်ပေါ်မှာ ပေါ်လာတာ ကလေးတွေပေါ့ဗျာ . . . (မှန်ပါ)။

အဲဒါကလေးတွေဟာ ပြုပြင်လို့ ပေါ်လာသော ကြောင့် သင်္ခါရလို့မှတ်လိုက် . . . (မှန်လှပါ)၊ သဘောကျ ပလား . . . (ကျပါပြီဘုရား)။

## ပြုပြင်လို့ပေါ်လာတာသင်္ခါရ

ပြုပြင်လို့ ပေါ်လာသောကြောင့် . . . (သင်္ခါရပါ ဘုရား)၊ ဒီနေ့ တရားအထူးဂရုစိုက်ပါ၊ ဒကာ ဒကာမတို့ . . . (မှန်လှပါ)၊ အလုပ်တရားကို နှစ်ရက်ဆက်ပြောတယ်လို့ မှတ်ရမယ်နော် . . . (မှန်လှပါဘုရား)။

ကဲ. . . ဒကာသစ်ကပဲ စဉ်းစား၊ ဦးမာတင်တို့က စဉ်းစားလက်သည်းတည်းဟူသော ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ တရားနဲ့ မထိခိုက်လို့ရှိရင် မပြုပြင်ရင် ဝေဒနာသင်္ခါရပေါ်ပါ့မလား . . . (မပေါ်ပါဘုရား)။

ဒါဖြင့် ပေါ်လာတဲ့တရား ဘာကလေးဖြစ်ဖြစ် ဒကာ ဒကာမတို့ နာတာကလေးဖြစ်ဖြစ် ဒါ. . . ဘာတရားလို့ ခေါ်ကြမလဲ. . . (သင်္ခါရတရားပါဘုရား)၊ အို. . . အလိုလို ပေါ်တာလား၊ ဒကာ ဒကာမတို့ ပြုပြင်လိုက်လို့ ပေါ်တာလား . . . (ပြုပြင်လိုက်လို့ပေါ်တာပါဘုရား)။

အဲ . . . နေက ပြုပြင်-ပြုပြင်၊ လေက ပြုပြင်-ပြုပြင် ခုနင်ကပြောတဲ့ လက်သည်းတွေကပဲ ပြုပြင်-ပြုပြင်၊ အစားက ပြုပြင်-ပြုပြင် အစားကြောင့်လဲ ဝမ်းနာလာတာ အရှိသားပဲ . . . (ရှိပါတယ်ဘုရား)၊ ဒါကျတော့ အာဟာရက ပြုပြင်တဲ့ သင်္ခါရ . . . (မှန်ပါ့)၊ ခုနင်က နေပူကြောင့်ဖြစ်လာတဲ့ ခန္ဓာကိုယ်ထဲ စပ်တယ်ဆိုတာတွေကျတော့ ခုနင်က ပြုပြင်တဲ့ သင်္ခါရ . . . (မှန်ပါ့ဘုရား)ဆိုတော့ ခန္ဓာကိုယ်ထဲမှာက ဘာတွေများ စုပုံနေသတုံးလို့ မေးတဲ့အခါ သင်္ခါရတွေချည့် စုပုံနေတယ် . . . (မှန်လှပါ)။

## ခန္ဓာကိုယ်ထဲ သင်္ခါရတွေစုပုံနေ

ဘယ်လိုမှတ်ကြမယ် . . . (သင်္ခါရတွေချည့် စုပုံနေပါတယ်ဘုရား)၊ အို . . . ဒကာ ဒကာမတို့ သင်္ခါရတွေချည့် စုပုံနေတယ်လို့ သိလိုက်တာသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် မနေ့က ပြောတဲ့တရားနဲ့ တစ်ထပ်တည်းသာမှတ် ဩော် . . . ယောက်ျား၊ မိန်းမဆိုတာ အပြောကိုး . . . (မှန်ပါ့)၊ စုနေတာတွေကတော့ . . . (သင်္ခါရပါဘုရား)။

စုနေတာတွေကတော့ ဘာမှမတွေးကြနဲ့၊ ဒကာ ဒကာမတို့ သူများပြုပြင်လို့ ပေါ်နေတဲ့ သင်္ခါရတွေပဲ . . . (မှန်ပါ့)၊ သူများပြုပြင်လို့ ပေါ်နေတဲ့ . . . (သင်္ခါရတွေပါဘုရား)၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဥပမာမယ် . . . ငြုတ်သီးကလေး လျှာပေါ်တင်လိုက်တယ်၊ စပ်တဲ့ ဖေဒနာကလေးပေါ်လာတယ် . . . (မှန်ပါ့)၊ ငြုတ်သီးကပြုပြင်လို့ ပေါ်လာတာ . . . (မှန်ပါ့)၊ ရေအေးကလေးသောက်လိုက်တယ်၊ လျှာပေါ်မှာအေးသွားတယ်၊ သွားကလေးတွေကျင်သွားတယ်. . . (မှန်ပါ့)၊ ရေတည်းဟူသော တရားက ပြုပြင်လိုက်လို့ ပေါ်လာတဲ့ ကျင်တဲ့ဝေဒနာ၊ စပ်တဲ့ဝေဒနာ မလာဘူးလား . . . (လာပါတယ်ဘုရား)၊ အဲဒါတွေ ဝေဒနာက္ခန္ဓာပေါ့ဗျ . . . (မှန်ပါ့)၊ ဒီဝေဒနာက္ခန္ဓာတွေကို ဘာတရားလို့ ခေါ်ကြမယ် . . . (သင်္ခါရတရားပါဘုရား)။

ဟာ. . . ဒါဖြင့် ဒကာ ဒကာမတို့ သင်္ခါရတရားတွေ စုနေတာကိုး . . . (မှန်ပါ့ဘုရား)၊ ယောကျ်ား မိန်းမဆိုတာ ပေါင်းပြီးတော့ခေါ်လိုက်တာ . . . (မှန်ပါ့)၊ စင်စစ်တော့ ဘာတွေ စုနေတာတုံး . . . (သင်္ခါရတရားတွေ စုနေတာပါ ဘုရား)။

သင်္ခါရတရားတွေ စုနေတယ်ဆိုတော့ ဒကာသစ်တို့ ဦးမာတင်တို့ ခန္ဓာကိုယ်ထဲမှာ ဘာမှမရှိဘူး. . . (မှန်ပါ့)၊ သင်္ခါရ အစုပဲရှိတယ် . . . (မှန်ပါ့)၊ ဘာတွေများ ရှိသတုံး . . . (သင်္ခါရအစုပဲရှိပါတယ်ဘုရား)။

သင်္ခါရအစုပဲရှိတယ်ဆိုတာ မှတ်ထားလိုက်တော့မှ ဩော် . . . ဒါ ဘာလုပ်တာပါလိမ့်မတုံး၊ ဆရာဘုန်းကြီး ဘယ့်နှယ်ကြောင့် သေသေချာချာ ဟောနေပါလိမ့်မတုံး ဆိုတော့ ဩော် . . . ယောကျ်ား၊ မိန်းမ နဂိုမရှိတာ ပေါ်အောင်ပြောနေတာ . . . (မှန်ပါ့)။

**ယောကျ်ား မိန်းမ မရှိဘူး**

ဘယ်လိုဆိုကြမလဲ . . . (ယောကျ်ား-မိန်းမ နဂိုက မရှိတာပေါ်အောင် ပြောနေတာပါဘုရား)၊ ဒါဖြင့် ဘာတွေ ရှိသတုံး . . . (သင်္ခါရအစုတွေ ရှိပါတယ်ဘုရား)။

ဩော် . . . ယောက်ျား-မိန်းမမရှိဘူး၊ ယောက်ျား-မိန်းမဟာ စုပေါင်းပြီးခေါ်တဲ့ ပညတ် . . . (မှန်ပါ့)၊ ရှိတဲ့ ပရမတ်ကကော . . . သင်္ခါရ . . . (မှန်ပါ့)။

ရှိတဲ့ပရမတ်ကတော့ . . . (သင်္ခါရပါဘုရား)၊ သင်္ခါရလို့မှတ်ထားလိုက်စမ်းပါ . . . (မှန်ပါ့)၊ ဒါဖြင့် သင်္ခါရာ=သင်္ခါရတရားတို့သည်ဆိုတော့ ဩော် . . . ဒို့ခန္ဓာကြီး ဆိုနေတာပါကလား . . . (မှန်ပါ့ဘုရား)။

## ဉာဏ်ကခန္ဓာလှည့်လိုက်ပါ

ဘာဆိုနေတာတုံး . . . (တပည့်တော်တို့ခန္ဓာကြီးဆိုနေတာပါ)၊ ဒီခန္ဓာကြီးဆိုနေတာ . . . (မှန်ပါ့)။

ဒီခန္ဓာကြီးဆိုနေတာ ဒကာ ဒကာမတို့ . . . (မှန်ပါ့)၊ ဉာဏ်က ခန္ဓာလှည့်လိုက်ပါ . . . (မှန်ပါ့)။

-အင်း . . . **သင်္ခါရာ**=သင်္ခါရ တရားတို့သည်လို့ ဘုရားကပဲ ဟောဟော၊ ဆရာဘုန်းကြီးကပဲ ဘုရား၏ တရားယူဟောဟော၊ အင်း . . . ဒါဘယ်သူ့ဆိုနေတာပါလိမ့် . . . (ဒီခန္ဓာကြီးဆိုနေတာပါဘုရား)၊ ဒီခန္ဓာကြီးဆိုတာ . . . (မှန်ပါ့)၊ အခု တရားနာနေတဲ့ ခန္ဓာကြီးဆိုနေတာ . . . (မှန်ပါ့)၊ ရှင်းပြီးနော် . . . (ရှင်းပါပြီ)။

ဝတ=စင်စစ်ဧကန် အမှန်ပြောရမှာဖြင့် . . . တဲ့ ဘုရားက ငါအမှန်ပြောရမှာဖြင့်ကွာတဲ့. . .၊ **အနိစ္စာ**=အနိစ္စ လမ်းဆုံးကြကုန်၏တဲ့ . . . (မှန်ပါ့)။

## သင်္ခါရတွေအနိစ္စလမ်းဆုံးတယ်

ဩော်. . . မင်းတို့ပေါ်လာတဲ့ သင်္ခါရတွေဟာ စင်စစ် ဘယ်လမ်းဆုံးသတဲ့လဲ. . . (အနိစ္စလမ်းဆုံးပါတယ် ဘုရား)။

ဩော်. . . ဒါဖြင့် ဒကာ ဒကာမတွေ ခန္ဓာဉာဏ် လှည့်လိုက်တဲ့ အခါကျတော့ သင်္ခါရတွေ့လိုက်၊ အနိစ္စတွေ့ လိုက်၊ ဒါပဲရှိမယ် . . . (မှန်ပါ့)၊ ဒီပြင် ဘာရှိသေးသတုံး . . . (ဘာမှမရှိပါဘုရား)။

ဘာတွေများ တွေ့ကြသလဲ . . . (သင်္ခါရတွေ့လိုက်၊ အနိစ္စတွေ့လိုက်ပါဘုရား)။

ရုပ်လဲ မတွေ့ဘူး၊ နာမ်လဲမတွေ့ဘူး ဒကာသစ်ရေ . . . (မှန်ပါ့ဘုရား)၊ ဘာတွေများ တွေ့သလဲ . . . (သင်္ခါရ နဲ့ အနိစ္စပဲတွေ့ပါတယ်ဘုရား)။

ပါဠိတော်နဲ့ကော ကိုက်ကဲ့လား . . . (ကိုက်ပါတယ်)၊ ကြည့် '**အနိစ္စာဝတသင်္ခါရာ**' ဒါသံယုတ်ပါဠိတော်နော် . . . (မှန်ပါ့ဘုရား)၊ သံယုတ်ပါဠိတော်မှာ သိကြားက ဘုရားပရိ

နိဗ္ဗာန်စံတော့ ဘုရားပရိနိဗ္ဗာန်စံတာ မဟုတ်ပါဘူး၊ သင်္ခါရ တရား အနိစ္စလမ်းဆုံးတာပါ . . . (မှန်ပါ့ဘုရား)။

## ပရိနိဗ္ဗာန်စံတယ်လို့ပြောတာ

လောကပြောတော့ ပရိနိဗ္ဗာန်စံတယ်လို့ ပြောကြတာ ပါတဲ့ စင်စစ်တော့ သင်္ခါရတွေ အနိစ္စလမ်း လမ်းဆုံးကြတာပါ . . . (မှန်ပါ့ဘုရား)။

ဒကာကြွယ် ရှင်းသွားပြီ . . . (ရှင်းပါပြီ)၊ သင်္ခါရ တရားတွေဟာ . . . (အနိစ္စလမ်းဆုံးတာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဘာဖြစ်ချင်တယ်ဆိုတာ သင်္ခါရ ပေါ်ချင်တာဆိုတာပဲ . . . (မှန်ပါ့)၊ တပည့်တော် လူဖြစ်ချင် ပါတယ်ဘုရားဆိုတော့ ဘာပေါ်ချင်တာတုံး . . . (သင်္ခါရ ပေါ်ချင်တာပါဘုရား)၊ နတ်ဖြစ်ချင်ပါတယ်ဆိုတာကော . . . (သင်္ခါရပေါ်ချင်တာပါဘုရား)။

ဩော်. . . ခင်ဗျားတို့ အနိစ္စဆိုတဲ့ဥစ္စာ ခင်ဗျားတို့ သင်္ခါရပေါ်ချင် ခင်ဗျား[illegible]ချင်သေးလို့ပေါ့ . . . (မှန်ပါ့)၊ အနိစ္စရောက်ချင်သေးလို့ပေါ့ . . . (မှန်ပါ့)၊ ဒီပြင် ဘာပြော စရာရှိသေးသတုံး . . . (မရှိပါဘုရား)။

ဩော် . . . ဒီတော့ '**အနိစ္စာဝတ သင်္ခါရာ**' ကို အခု ၁၅-မိနစ်လောက် ပြောလိုက်တော့ ဩော်. . . ဒို့လူဖြစ်ချင်၊

နတ်ဖြစ်ချင်၊ ပေးကမ်းလှူဒါန်းပြီး လူဖြစ်ချင်၊ နတ်ဖြစ်ချင်တာ ဟာ ပေါ်ချင်တာကိုး၊ ပေါ်ချင် သေဦးမှာပဲ . . . (မှန်ပါ့ ဘုရား)။

ပေါ်ချင်ရင်ဖြင့် . . . (သေဦးမှာပါ)၊ သေဦးမှာပဲ ဆိုတဲ့ဥစ္စာက ဒကာကြွယ် အထူးထင်ရှားနေတယ် . . . (ထင်ရှားပါတယ်ဘုရား)၊ ဒကာ ဒကာမတို့ အထူးမထင်ရှား ဘူးလား . . . (ထင်ရှားပါတယ်ဘုရား)။

## ဘာမှမဖြစ်ချင်နဲ့နော်

ဩော် . . . ဒါ့ကြောင့် ဘုန်းကြီးတို့ ဆရာကောင်း၊ သမားကောင်းတွေက ဒကာသစ်၊ ဦးမာတင်တို့ ဒကာကြွယ် ဘာမှ မဖြစ်စေချင်နဲ့နော်လို့ သတိပေးလိုက်တာများ ရိပ်မိဖို့ သိပ်ကောင်းတယ် . . . (မှန်ပါ့)၊ ဘာမှ မဖြစ်ချင်ပါနဲ့လို့ သတိ ပေးလိုက်တယ် . . . (မှန်ပါ့ဘုရား)။

ဘာစိုးရိမ်တာပါလိမ့် . . . (သင်္ခါရဖြစ်မှာ စိုးရိမ် တာပါဘုရား)၊ သင်္ခါရမဖြစ်ချင်နဲ့ . . . (မှန်ပါ့)၊ သဘောကျ ပလား . . . (ကျပါပြီဘုရား)။

ဘာစိုးရိမ်တာပါလိမ့် . . . (သင်္ခါရဖြစ်မှာစိုးရိမ်တာပါ ဘုရား)၊ မဟုတ်ဘူးတဲ့၊ သင်္ခါရဖြစ်ရင် ခင်ဗျားတို့ အနိစ္စလမ်း ဆုံးလိမ့်မယ် . . . (မှန်ပါ့)၊ ဒီအနိစ္စစိုးရိမ်လို့ . . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေ ဒီစကား ရှင်းရှင်းကလေး မှတ်ပါဦး၊ ဦးမာတင်တို့ . . . (မှန်ပါ့ဘုရား)၊ ခင်ဗျားတို့က လူဖြစ်ချင်တယ်ဆိုတော့ သင်္ခါရဖြစ်ချင်တယ် . . . (မှန်ပါ့)၊ နတ်ဖြစ်ချင်တယ်ဆိုတော့ . . . (သင်္ခါရဖြစ်ချင်တာပါ)၊ ဗြဟ္မာ ဖြစ်ချင်တယ် . . . (သင်္ခါရဖြစ်ချင်တာပါ)၊ ဒီသား၊ ဒီသမီး နဲ့ မခွဲဘဲဖြစ်ချင်တယ် . . . (သင်္ခါရဖြစ်ချင်တာပါဘုရား)။

ဩော် . . . မဖြစ်ချင်ကြပါနဲ့လို့ ဆရာဘုန်းကြီး ကရော ဘုရားကရော ကန့်ကွက်တယ် . . . (မှန်ပါ့)၊ ဦးလှဘူး ဘာ့ကြောင့်ကန့်ကွက်တယ်ထင်သတုံးဗျ . . . (အနိစ္စလမ်းဆုံးမှာစိုးလို့ပါဘုရား)၊ မင်းတို့မျက်ရည်ကျလိမ့် မယ် . . . (မှန်ပါ့ဘုရား)။

မင်းတို့ မျက်ရည်ကျလိမ့်မယ်၊ အနိစ္စရောက်တော့ မင်းတို့ မျက်ရည်ကျလိမ့်မယ် . . . (မှန်ပါ့)၊ သဘောကျ ပလား . . . (ကျပါပြီဘုရား)။

အနိစ္စရောက်တော့ . . . (မျက်ရည်ကျရမှာပါ)၊ အဲ . . . မျက်ရည်ကျရမှာ စိုးရိမ်လို့ မဖြစ်ချင်မှ မပျက်မှာကိုးဗျ . . . (မှန်ပါ့)၊ ဖြစ်ချင်ရင် ဒကာသစ်ရေ . . . (ပျက်မှာပါ)၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

## သင်္ခါရဓာတ်သိမ်းရာရောက်ရပါလို၏

ဒါဖြင့် အားလုံး ဒကာ ဒကာမတို့ ဘာလှုလှု ဘာတန်းတန်း၊ ဘာပေးပေး၊ ဘာကမ်းကမ်း၊ သင်္ခါရတို့ ချုပ်ရာ ရောက်ရပါလို၏ . . . (မှန်ပါ့)၊ သင်္ခါရဓာတ်သိမ်းရာ . . . (ရောက်ရပါလို၏)။

သင်္ခါရဓာတ်သိမ်းရာ ရောက်ရပါလို၏ဆိုတော့ သင်္ခါရဓာတ်သိမ်းလို့ရှိရင်ဖြင့် အသခ်တဖြစ်ရတယ် . . . (မှန်ပါ့ဘုရား)၊ အသခ်တနိဗ္ဗာန်ရောက်သွားတယ် . . . (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ဒကာ ဒကာမတွေက သင်္ခါရကို မလိုချင်ပါနဲ့ အသခ်တကို ရအောင်ယူပါ . . . (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ဒကာ ဒကာမတွေက သင်္ခါရကို မလိုချင်ပါနဲ့ အသခ်တကို ရအောင်ယူပါ . . . (မှန်ပါ့ဘုရား)။

သင်္ခါရကို . . . (မလိုချင်ပါနဲ့)၊ အသခ်တကို . . . (ရအောင်ယူပါဘုရား)။

ဒါဖြင့် အားလုံး ဒကာ ဒကာမတွေ ဖြစ်နေတာက သူ့ဟာက အဖြစ်သာကြိုက်နေတာကိုးဗျ . . . (မှန်ပါ့)၊ အဖြစ်နောက်က အနိစ္စလိုက်လာတယ်ဆိုတာ ဒကာကြွယ်တို့က နည်းနည်းမှ မစဉ်းစားတော့ ဒီဆွမ်း၊ ဒီကွမ်းကြောင့် နတ်ဖြစ်ချင်တယ်လို့ဆိုတော့ နတ်ဖြစ်ပါပြီဆိုတော့ ဖြစ်ပေါ်

လာတာကို ဒကာသစ်က ဘာဆိုမတုံး . . . (သမုဒယ ဘုရား)။

ဒါဖြင့် နတ်ဖြစ်ချင်ရင် နတ်ပြည်သေမှာပဲ . . . (မှန်ပါ့)၊ ဗြဟ္မာဖြစ်ချင် . . . (ဗြဟ္မာ့ပြည်သေရမှာပါဘုရား)။

## သူများပါးစပ်လမ်းဆုံး

ဩော် . . . ဘုန်းကြီးတို့ ဒကာ ဒကာမတွေ မသိသေးတော့လဲ သူများပါးစပ်လမ်းဆုံးပြီး မင်း-နတ်ဖြစ်ရင် မကောင်းဘူးလားကွာ . . . (မှန်ပါ့)၊ မင်း-ဗြဟ္မာဖြစ်ရင် မကောင်းဘူးလား . . . (မှန်ပါ့)၊ အဲဒီတော့မင်း-ဗြဟ္မာ့ပြည်ဆုတောင်း၊ နတ်ပြည်ဆုတောင်းလို့ဆိုတော့ ပြောတဲ့ပုဂ္ဂိုလ်ကလဲ ပြောရက်ပါပေတယ် . . . (မှန်ပါ့)၊ ခင်ဗျားတို့ကလဲ ယောင်ပြီး လိုက်ရက်ပါပေမယ် . . . (မှန်ပါ့)၊ ဆိုထိုက်မဆိုထိုက် . . . (ဆိုထိုက်ပါတယ်)၊ သူတို့ ဘာကိုအဖြစ်ခိုင်းတာတုံး မေးတော့ သမုဒယအဖြစ်ခိုင်းတာ . . . (မှန်ပါ့)၊ ဘာကို ဆုတောင်းခိုင်းတာတုံး . . . (သမုဒယဆုတောင်းခိုင်းတာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ရွတ်ကြည့်ပါ၊ **'အနိစ္စာဝတသင်္ခါရာ'** . . . (မှန်ပါ့)၊ **သင်္ခါရာ**=ပြုပြင်လို့ပေါ်လာတဲ့ သင်္ခါရတရားတို့ သည်၊ ဝတ=စင်စစ်၊ **အနိစ္စာ**=ပျက်ကြကုန်၏ . . . (မှန်ပါ့ ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အပျက်ဆုတောင်းယူဟော့ ဆိုရင်လဲ တောင်းယူတာပဲ . . . (မှန်ပါ)၊ အပျက်ဆုတောင်းပါ ဆိုတော့ တောင်းမှာပဲ. . . (မှန်ပါ)၊ အပျက်ဆုတောင်းယူပါဆိုတော့ . . . (တောင်းယူပါတယ်)၊ အဖြစ်ရှိရင်အပျက်က . . . (ရှိပါတယ်ဘုရား)။

အဲဒီတော့ ထည့်ပြီးသကာလ ခင်ဗျားတို့ကလဲ မစဉ်းစား၊ ခေါင်းဆောင်လုပ်တဲ့ ပုဂ္ဂိုလ်ကလဲ မပြောတော့ကို ခင်ဗျားတို့က အစကလေးပြထားပြီးသကာလ ဒကာ ဒကာမတို့ အဆုံးမပြတဲ့အတွက် ခင်ဗျားတို့ ကျုပ်တို့မှာ ကိုယ်ကျိုးနည်းရတယ် . . . (မှန်ပါ)၊ ကိုယ်ကျိုးမနည်းဘူးလား . . . (နည်းပါတယ်ဘုရား)။

သူက ဘာပြသတုံး အစကလေးပြတယ် . . . (မှန်ပါ)၊ အစကလေးပြထားတော့ ဒီအစကလေးက ဒီအတိုင်းနေမှာလား ပျက်ဦးမှာလား . . . (ပျက်ဦးမှာပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ဒီလိုဆုတောင်းတဲ့ ပုဂ္ဂိုလ်ဟာ ဘာနဲ့တူသတုံးလို့ မေးဖို့လိုလာတယ် . . . (လိုပါတယ်)၊ ဒကာကြွယ်မလိုလားဗျာ . . . (လိုပါတယ်ဘုရား)။

## ပျားရည်သုတ်ထားတဲ့ သင်ဓုန်းသွား

သင်ဓုန်းသွားပေါ် သင်ဓုန်းထက်လောက်အောင် သွေး . . . (မှန်ပါ့)၊ သွေးပြီးသကာလ ဦးလှဘူး ပျားရည်ကလေး သုတ်ထား . . . (မှန်ပါ့)၊ ဟောဟို ပျားရည်ကလေးဟာ မင်းအရသာရှိတယ်ဆိုပြီး လူမိုက်က သွားလျက်မယ် . . . (မှန်ပါ့)၊ ချိုတာနဲ့ လျှာပြတ်တာနဲ့ လျှာပြတ်တာနဲ့ ဒကာသစ် ဘယ်သူကနစ်နာမယ် ထင်သတုံး . . . (လျှာပြတ်တာကနစ်နာပါတယ်ဘုရား)။

အဲ. . . ခင်ဗျားတို့က ချိုတာသာမြင်တယ်၊ လျှာပြတ်မှာ မမြင်ဘူး . . . (မမြင်ပါ)၊ တယ်လဲ ဆိုးပါကလား . . . (ဆိုးပါတယ်ဘုရား)။

ချိုတာသာမြင်တယ် . . . (လျှာပြတ်မှာ မမြင်ပါ)၊ အဲ . . . ခင်ဗျားတို့ ဘာဖြစ်ချင်၊ ညာဖြစ်ချင်ဆိုတာကိုပဲ မြင်တယ် . . . (မှန်ပါ့)၊ အနိစ္စ . . . (မမြင်ပါ)၊ လျှာပြတ်တာနဲ့တူတဲ့ အနိစ္စကို မမြင်ဘူး . . . (မှန်ပါ့ဘုရား)။

အဲဒီမှာ ခင်ဗျားတို့ တစ်သံသရာလုံး ကိုယ်ကျိုးနည်းခဲ့တာ . . . (မှန်ပါ့)၊ သခ်ီရကို ကြိုက်လို့ အနိစ္စကို ခင်ဗျားတို့ မမြင်တဲ့နောက်ဆုံးပိတ်ကျတော့ မတွေ့ချင်ဘဲ တွေ့ရတယ် . . . (တွေ့ရပါတယ်)၊ မနစ်နာဘူးလား . . . (နစ်နာပါတယ်ဘုရား)။

## လူပျိုကြီးလုပ်နေမယ်ဆိုရင်

ဒါဖြင့် လောကီဥပမာနဲ့ ရှင်းအောင် ပြောကြပါစို့ ဆိုတော့ ဒကာကြွယ်ရေ ဒကာကြွယ် လူပျိုကြီး လုပ်နေတယ် ထားတော့ . . . (မှန်ပါ့)၊ လူပျိုကြီးသာလုပ်နေမယ်ဆို ဒကာကြွယ် ဘယ်သူနဲ့ ခွဲစရာများ ရှိသေးသတုံး . . . (မရှိပါ)၊ သားနဲ့ ခွဲစရာကော . . . (မရှိပါ)၊ သမီးနဲ့ ခွဲစရာ . . . (မရှိပါ)၊ မြေးနဲ့ခွဲစရာ . . . (မရှိပါ)၊ ခင်ပွန်းနဲ့ ခွဲစရာ . . . (မရှိပါဘုရား)။

အခုတော့ ဘယ့်နှယ်ဖြစ်နေသတုံးဆိုတော့ ဖြစ်မှု အလိုရှိတဲ့အတွက် ပျက်မှုတွေ့ရလိမ့်မယ် . . . (တွေ့ရမှာပါ) နောက်ဆုံးပိတ်တစ်နေ့ သားနဲ့လဲ ခွဲရမယ် . . . (မှန်ပါ့)၊ သမီးနဲ့ကော . . . (ခွဲရမှာပါ)၊ ခင်ပွန်းမနဲ့ကော . . . (ခွဲရမှာပါဘုရား)။

အို. . . သင်္ခါရအလိုရှိတဲ့ပုဂ္ဂိုလ်ဟာ အနိစ္စခွဲခန်း တော့ . . . (တွေ့ရမှာပါဘုရား)၊ ငြင်းလို့ရပါ့မလား . . . (မရပါဘုရား)။

အဲဒါ . . . ခင်ဗျားတို့က သင်္ခါရကြိုက်နေလို့ အနိစ္စ မျက်ရည်ဟာ အလိုလိုပေါ်လာတယ်. . . (ပေါ်လာပါ တယ်ဘုရား)။

သခ်ီရကြိုက်ရင် . . . (အနိစ္စမျက်ရည် အလိုလို ပေါ်လာပါတယ်ဘုရား)၊ အနိစ္စမျက်ရည်ရတယ် . . . (ရပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ သင်ဓုန်းသွားပေါ်မှာရှိတဲ့ ပျားရည်ကလေး ဦးမာတင်တို့ လျက်မိတာနဲ့ပဲ ပျားရည်ချိုကလေး သခ်ီရမြင်တာနဲ့ လျှာပြတ်တဲ့ကိစ္စက မသက်သာဘူး . . . (မှန်ပါ့ဘုရား)၊ သက်သာသေးရဲ့လား . . . (မသက်သာပါဘုရား)၊ ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သခ်ီရနယ်ကလွတ်မှ မင်းတို့ ချမ်းသာမယ်တဲ့ . . . (မှန်ပါ့)၊ ပေါ်ချင်တာ၊ ပျက်ချင်တာ၊ မင်းတို့လွတ်မှ အသခ်ီတဆိုတဲ့ နိဗ္ဗာန်၊ မပြုပြင်ဘဲနဲ့ တည်တံ့တဲ့ နိဗ္ဗာန်ရမယ်လို့ ပြောတာ ခင်ဗျားတို့က သခ်ီရတွေချည့် ဆုတောင်းနေတော့ . . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

သခ်ီရတွေချည့်ပဲ ဆုတောင်းယူနေတော့ အနိစ္စနဲ့ ချည့်ပဲမျက်ရည်ကျနေတယ် . . . (ကျပါတယ်ဘုရား)၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

ဘာနဲ့ မျက်ရည်ကျသလဲ . . . (အနိစ္စနဲ့ချည့် မျက်ရည်ကျပါတယ်ဘုရား)၊ အို. . . ဘာဆုတောင်းမိလို့တုံး . . . (သခ်ီရဆုတောင်းမိလို့ပါဘုရား)။

ဖြစ်မှဖြစ်ရပလေ. . .၊ သင်ခုန်းသွားပေါ် မှာရှိတဲ့ ပျားရည်လျက်မိတာနဲ့ လျှာပြတ်တဲ့ဒုက္ခနဲ့ လမ်းဆုံးရတယ် . . .(မှန်ပါ့)၊ ချိုတာက နည်းနည်း၊ လျှာပြတ်တာက နာတယ်၊ နာချက်က ပြင်းထန်တယ် . . .(မှန်ပါ့)၊ ဘယ်လောက်ဆိုးသတုံး . . .(ဆိုးပါတယ်ဘုရား)၊ ပေါ်ကြ ပလား. . .(ပေါ်ပါပြီဘုရား)။

## သင်္ခါရကြိုက်မိလို့

ကဲ. . .အခု ဒကာသစ်တို့လဲ အိမ်ထောင်ပြု၊ ဒကာကြွယ်တို့လဲ အိမ်ထောင်ပြုတော့ ချိုတာနဲ့ ပူဆွေး သောက၊ မျက်ရည်ကျရတာနဲ့ ဒကာကြွယ် ဘယ်ဟာက များသတုံး . . .(ပူဆွေးသောကမျက်ရည် ကျရတာက များပါတယ်ဘုရား)။

အဲဒါနဂိုက ဘာကြိုက်မိလိုပါလိမ့် . . .(သင်္ခါရ ကြိုက်မိလို့ပါဘုရား)၊ ဩော်. . . ရှိမှတော်မည်ဆိုတဲ့ သင်္ခါရ ကြိုက်မိလို့ . . .(မှန်ပါ့)။

ရှိမှတော်မည်ဆိုတဲ့ . . .(သင်္ခါရကြိုက်မိလို့ပါ ဘုရား)၊ သင်္ခါရ ကြိုက်မိလို့ ယခုအခါမှာ ဘာအမြတ်တွေ ထွက်နေသတုံးဆိုတော့ ရင်ထုရတာ၊ မျက်ရည်ကျရတာ ဟုတ်လား . . .(မှန်ပါ့)၊ စိုးရိမ်ရတာ ဒါတွေပဲ ခင်ဗျားတို့ အမြတ်ထွက်တယ် . . .(မှန်ပါ့)။

အမြတ်ထွက်တော့ အဲဒီရင်ထုစိုးရိမ်တွေက ပဋိစ္စ သမုပ္ပါဒ်တန်းလိုက်တော့ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ၊ အဝိဇ္ဇာ၊ သင်္ခါရဆိုပြီး တစ်ခါတည်း သံသရာ့ ခရီးသည်ဖြစ်သွားတယ် . . . (မှန်ပါ့ဘုရား)။

သံသရာ့ခရီးသည်ဖြစ်ချင်လို့ ဖြစ်ရတာလားလို့ မေးတော့ ဒကာ ဒကာမတို့ ဘာသဘောကျမိလို့ပါလိမ့် . . . (သင်္ခါရသဘောကျမိလို့ပါဘုရား)။

သင်္ခါရသဘောကျမိတော့ အနိစ္စနဲ့က ခွဲလို့ရသေးရဲ့ လား . . . (မရပါဘုရား)။

မရတော့ ဒကာသစ်တို့ကလဲ ဉာဏ်မပါတော့ သောက ပရိဒေဝ၊ ဒုက္ခ, ဒေါမနဿတွေက ငြိမ်းသေးသလား . . . (မငြိမ်းပါဘုရား)၊ မငြိမ်းတော့ နောက်ဘဝ ပဋိစ္စသမုပ္ပါဒ် ကြီးနဲ့ မကြုံရဘူးလား . . . (ကြုံရပါတယ်)၊ နောက်ဘဝခန္ဓာ တွေ မရဘူးလား . . . (ရပါတယ်ဘုရား)။

အဲဒါဘာသဘောကျမိလို့ပါလိမ့် . . . (သင်္ခါရ သဘောကျမိလို့ပါဘုရား)၊ ဒကာကြွယ် သင်္ခါရနှိပ်စက်တာ ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

## ဉာဏ်နားနဲ့ထောင်စမ်းပါ

အားလုံး ဒကာ ဒကာမတွေ ဉာဏ်နားနဲ့ထောင်စမ်းပါ . . . (မှန်ပါ့)၊ ဪ. . . ဒီမှာ သင်္ခါရနှိပ်စက်လို့ မျက်ရည်ထွက်ရတာပါလား . . . (မှန်ပါ့)။

ဘယ်လိုဆိုကြမယ် . . . (သင်္ခါရနှိပ်စက်လို့ မျက်ရည်ထွက်ရတာပါဘုရား) ခင်ဗျားတို့က နဂိုက ဘာ သဘောကျသတုံး. . . (သင်္ခါရသဘောကျတယ်ဘုရား)။

သင်္ခါရဆိုတာ အသစ်ပေါ်မှု၊ အသစ်တွေ့မှုကို သဘောကျတယ်. . . (ကျပါတယ်ဘုရား)၊ သဘောကျတဲ့ အတွက် နောက်ဆုံးပိတ်အသစ်ပေါ်ရင် အသစ်ပျက်တာပဲ. . . (မှန်ပါ့)။

ပျက်တော့ ဒကာသစ်တို့က ဒီအတိုင်းနေလို့ ဖြစ်သလားတဲ့၊ စိတ်သောကဗျာပါဒတွေများ ရသလား. . . (စိတ်သောက ဗျာပါဒတွေများရပါတယ်ဘုရား) အင်း. . . ဘာလမ်းဆုံးသွားပါလိမ့်. . . (အနိစ္စလမ်းဆုံးသွားပါတယ်ဘုရား)။

ဘယ့်နှယ့်ကြောင့် ခင်ဗျားတို့ အနိစ္စလမ်းဆုံးကြီးဟာ တွေ့ရပါလိမ့်. . . (သင်္ခါရသဘောကျလို့ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ဟာ သင်္ခါရနယ်ထဲကိုက မထွက်ချင်လို့ အသော်တနဲ့လဲဝေး. . . (မှန်ပါ့) အနိစ္စနဲ့တော့ နီး. . . (မှန်ပါ့)၊ သွားပြီကိုးဗျ. . . (မှန်ပါ့ဘုရား)။

## အသင်္ခတနဲ့တော့ဝေးပါတယ်

အသင်္ခတဆိုတဲ့ တရားနဲ့တော့. . . (ဝေးပါတယ်ဘုရား) အနိစ္စနဲ့တော့. . . (နီးပါတယ်ဘုရား) ဒါဖြင့် မျက်ရည်နဲ့သာနီး၍ နိဗ္ဗာန်နဲ့ဝေးတယ်. . . (မှန်ပါ့ဘုရား)။

ဘယ်နှယ့်ဆိုကြမယ်. . . (မျက်ရည်နဲ့သာနီး၍ နိဗ္ဗာန်နဲ့ဝေးပါတယ်ဘုရား) အံမာလေး. . . ခင်ဗျားတို့ဖြစ်ချက်က ဆိုးလှချည့်. . . (ဆိုးပါတယ်ဘုရား)။

မျက်ရည်နဲ့တော့. . . (နီးပါတယ်ဘုရား) နိဗ္ဗာန်နဲ့တော့. . . (ဝေးပါတယ်ဘုရား)။

ဟာ. . . သွားပြီ ဒကာကြွယ်. . . (မှန်လှပါ့)၊ သွားပြီ သွားပြီ ဒါ. . . ဘာသဘောကျမိတာတုံးဆိုတာ ကောင်းကောင်း ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)၊ ဘာသဘောကျတာတုံး . . . (သင်္ခါရ သဘောကျတာပါဘုရား)။

## မျက်ရည်အမြတ်ထွက်လာတယ်

အင်း. . . သူနဲ့အတူ နေရကောင်းနိုးနိုး၊ နတ်ဖြစ်ရကောင်းနိုးနိုး၊ ဗြဟ္မာဖြစ်ရကောင်းနိုးနိုး၊ သားကလေးထွန်းကားလာ ကောင်းနိုးနိုး၊ သမီးကလေးထွန်းကားလာကောင်းနိုးနိုးဆိုတဲ့ သင်္ခါရ သဘောကျလိုက်တာ ဘာတွေ အမြတ်ထွက်သတုံး . . . (မျက်ရည် အမြတ်ထွက်ပါတယ်) မျက်ရည်

အမြတ်ထွက်လာတယ်. . . (မှန်ပါ့) ရိပ်မိပလား. . . (ရိပ်မိပါပြီ) အသင်္ခတနိဗ္ဗာန်နဲ့တော့. . . (ဝေးပါတယ်ဘုရား)။

ဒကာကြွယ် ဒီနေ့တရားပေါ်ပလား. . . (ပေါ်ပါပြီဘုရား) ဘာသဘောကျလို့တုံး. . . (သင်္ခါရ သဘောကျလို့ပါ) သင်္ခါရ သဘောကျမိတော့ ဘာအမြတ်ထွက်သတဲ့တုံး . . . (မျက်ရည် အမြတ်ထွက်ပါတယ်ဘုရား) အံမာလေး မျက်ရည်တော့ အမြတ်မလိုချင်ပါနဲ့ဗျာ. . . (မှန်ပါ့) ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

အခု ဒကာ ဒကာမတွေမှာ အားလုံးပဲ အသေးအကြီး ကိုယ့်မျက်ရည်ကလေးနဲ့ကိုယ်နေကြရတယ်. . . (မှန်ပါ့) အင်း. . . ဘာသဘောကျလို့ မျက်ရည်တွေအမြတ်ထွက်နေကြပါလိမ့်. . . (သင်္ခါရသဘောကျလို့ပါဘုရား)။

အင်း. . . တည်ထောင်မိတဲ့သင်္ခါရ. . . (မှန်ပါ့) ကိုယ်ခန္ဓာတည်ထောင်မိတဲ့ သင်္ခါရ . . . (မှန်ပါ့)၊ ကိုယ့်ခန္ဓာပေါ်လာတဲ့သင်္ခါရ၊ ကိုယ့်ခန္ဓာကပွားလာတဲ့ သင်္ခါရကလေးတွေကြောင့် ဒါကလေးတွေက သင်္ခါရဆိုတာ အနိစ္စလမ်းဆုံးတယ်. . . (မှန်ပါ့)၊ ဒကာ ဒကာမတွေက သင်္ခါရသာ သဘောကျတယ်၊ အနိစ္စကျရင် မျက်ရည်ထွက်လာပြီ . . . (မှန်ပါ့)။

## ပျားရည်သာသူမြင်တယ်

ဒါကြောင့် ဒကာ ဒကာမတွေ မျက်ရည်ထွက်တာများ သနားစရာမရှိဘူး . . . (မှန်ပါ့)၊ သူဟာ ပျားရည်သာ သဘောကျတယ်၊ လျှာပြတ်မှာမသိလို့ . . . (မှန်ပါ့)။

ပျားရည်လျှက်ကာ သင်ဓုန်းအသွားမှာ ပျားရည် သုတ်ထားတာတွေကို ပျားရည်သာ သူမြင်၍ လျှာပြတ်မည့် သင်ဓုန်းဓားထက်တာကို သူမသိဘူး . . . (မသိပါဘုရား)။

အဲဒါကြောင့် သူလျှာပြတ်တဲ့ မျက်ရည်ထွက်နေတာ . . . (မှန်ပါ့)၊ မထွက်ရဘူးလား . . . (ထွက်ရပါတယ် ဘုရား)။

ကိုင်း. . . ဒကာ ဒကာမတွေ ရှေ့-တပည့်တော်တို့ ကောင်းစားမှာလားဘုရား၊ မကောင်းစားမှာလားဘုရား. . . လို့ ဘာမှ ဗေဒင်မမေးနဲ့ . . . (မှန်ပါ့)၊ သခ်ီရသဘောကျရင် မျက်ရည်ထွက်မယ်ဆိုတာမှတ် . . . (မှန်ပါ့)။

သခ်ီရသဘောကျရင် . . . (မျက်ရည်ထွက်မှာပါ ဘုရား)၊ သဘောပါကြပလား . . . (ပါ-ပါပြီဘုရား)။

ကိုင်း. . . ဒါဖြင့် ဒကာသစ် ရှေ့-သခ်ီရနယ်က ထွက်မှကောင်းမယ် . . . (မှန်ပါ့)၊ ဘယ်နယ်ကထွက်ရမလဲ . . . (သခ်ီရနယ်ကထွက်ရပါမယ်ဘုရား)။

ဒါက နားထောင်နေကျ ဒကာ ဒကာမတွေမှ ဒီသဘောကိုပေါက်တယ် . . . (မှန်ပါ့)၊ ဒါ. . . ဝိပဿနာ ဉာဏ်နေရာတွေ . . . (မှန်ပါ့)၊ ဒိပြင် အခုမှလာနာတဲ့ ဒကာ ဒကာမတွေဆိုရင် မလွယ်ဘူး . . . (မလွယ်ပါဘုရား)၊ လွယ်ပါ့မလား . . . (မလွယ်ပါဘုရား)။

## နိဗ္ဗာန်ရောက်အောင်ပို့မည့်ဂါထာ

ကဲ. . . ဒါဖြင့် ဒီဥစ္စာနိဗ္ဗာန်ရောက်ပါလိမ့်မယ် ဒကာ ဒကာမတို့ . . . (မှန်ပါ့)၊ ဒါ. . . နိဗ္ဗာန်ရောက်ပါလိမ့်မယ် . . . တဲ့၊ ဒီဂါထာကိုက ဦးမာတင် နိဗ္ဗာန်ရောက်အောင် ပို့မည့်ဂါထာ . . . (မှန်ပါ့ဘုရား)။

ကဲ. . . ဒါဖြင့် ဒကာ ဒကာမတို့ . . . ဒကာ ဒကာမ တွေမှာ ဘယ်သူနှိပ်စက်နေသတုံးလို့ မေးလို့ရှိရင် သင်္ခါရ နှိပ်စက်နေတာ . . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါပြီ)၊ သင်္ခါရနှိပ်စက်နေတယ်ဆိုတာ ပေါ်ပလား . . . (ပေါ်ပါပြီ)။

သင်္ခါရကိုတော့ ခင်ဗျားတို့က အကြိုက်ဖြစ်နေတော့ ဒီသင်္ခါရကာလဲ စင်စစ်ဘုရားက အနိစ္စလမ်းဆုံးမယ်တဲ့ . . . (မှန်ပါ့ဘုရား)။

## နတ်ခန္ဓာရချင်ရင်

သင်္ခါရဘယ်လမ်းဆုံးသလဲ. . . (အနိစ္စလမ်းဆုံးပါတယ်ဘုရား)၊ ဒါဖြင့် လူ့ခန္ဓာရချင်လို့ရှိရင် လူသေ-သေရပါလို၏ . . . (မှန်ပါ့)၊ နတ်ခန္ဓာရချင်ရင် . . . (နတ်သေ-သေရပါ လို၏) ဒီတွင် မရပ်နဲ့ဦး၊ နတ်သေ-သေ၊ နတ်ပူ-ပူပြီး နတ်ရူး- ရူးရပါလို၏တောင် ပါသေးတယ်. . . (ပါ, ပါတယ်ဘုရား)၊ မပါဘူးလား . . . (ပါ, ပါတယ်ဘုရား)။

လူရူး. . . ရူးရတာ အားမရလို့ နတ်ပြည်မှာ ခင်ဗျားတို့က အဲဒီမှာ အရူးပွဲခံနေတာ. . . (မှန်ပါ့)၊ ဒီအဓိပ္ပါယ်မရဘူးလား . . . (ရပါတယ်ဘုရား)။

အဲဒါခင်ဗျားတို့ မှားချက်သန်ထားတာတွေ ဒကာကြွယ် ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)။

လူ့ပြည် မသာပို့ရထားဖြင့် အလောင်းမြေပေါ်ထပ်နေပြီ၊ နတ်ပြည်မသာ မမြုပ်ရသေးဘူး. . . (မှန်ပါ့)၊ အံမာလေး. . . ဖြစ်ရလေ . . . (မှန်ပါ့)။

ဒကာသစ် ဘာတဲ့တုံး . . . (နတ်မသာ မမြုပ်ရသေးပါဘုရား)၊ သဘောကျပလား. . . (ကျပါပြီ)၊ ဝီရိယအစိုက်နည်းတာ၊ ဟိုမှာသုံးဂါဝုတ်လောက်ရှိတဲ့ ခန္ဓာကြီးမြုပ်ရဦးမယ် . . . (မှန်ပါ့)၊ တပည့်တော်ကြိုးစားမယ် . . . (မှန်ပါ့ဘုရား)၊ ကောင်းကြသေးရဲ့လား . . . (မကောင်းပါဘုရား)၊ ရှင်းကြပလား . . . (ရှင်းပါပြီ)။

အံမာလေး. . . ဒကာ ဒကာမတွေ သင်္ခါရ သဘော ကျတာ သင်္ခါရ၏ ဆိုးဝါးပုံ ရှေးဦးစွာ ဒကာကြွယ် ရှင်းပြနေ တယ်. . . (မှန်ပါ့)။

ဒကာသစ် သင်္ခါရအကြောင်း သိပလား. . . (သိပါပြီ ဘုရား)၊ ဖြစ်ပေါ်လာတာဟူသ၍ . . . (သင်္ခါရပါဘုရား)။

ခင်ဗျားတို့က ဖြစ်ချင်တဲ့ တဏှာမသေးတော့ ဖြစ်ဖို့ ရာပဲကြိုးစားနေကြတယ် . . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

## သင်္ခါရကြီးလေ ခက်လေပဲ

ဒါ့ကြောင့် ဘုန်းကြီးက တစ်ခါတစ်ခါ ဟောရတယ်၊ ဒကာ ဒကာမတို့ သင်္ခါရကြီးလေ ခက်လေပဲ. . . (မှန်ပါ့)။

သင်္ခါရကြီးလေ. . . (ခက်လေပါဘုရား)၊ ဥပမာ . . . ရှေးကဘုန်းကြီးတို့ အင်္ဂလိပ်မင်းလက်ထက်တုန်းက ငွေဒင်္ဂါးတွေရှိကြတယ်၊ လူတိုင်းသိပါတယ်နော် . . . (မှန်ပါ့ ဘုရား)။

ဒီတစ်ကျပ်နဲ့ ဥပမာ ဒကာသစ် ရင်ဘတ်ကို တစ်ယောက်သောပုဂ္ဂိုလ်က ပေါက်လိုက်တယ်၊ တစ်ဆယ် ထုပ်နဲ့ ပေါက်လိုက်တာနဲ့ ဘယ်သူနာပါ့မလဲ . . . (တစ်ဆယ်ထုပ်က နာပါတယ်ဘုရား)၊ ဘာဖြစ်လို့တုံး. . .

ဟိုက သချိုးရမျှားတယ် . . . (မှန်ပါ)၊ တစ်ကျပ်က . . . (နည်းပါတယ်ဘုရား)။

ခင်ဗျားတို့က ဘာကြိုက်သတုံး. . . ဆိုတော့ လူခန္ဓာထက် နတ်ခန္ဓာက သုံးဂါဝှတ်ဆိုတော့ နတ်ခန္ဓာက ကြီးတယ် . . . (ကြီးပါတယ်ဘုရား)။

အဲဒီတော့ အထုပ်ကြီးနဲ့ ပေါက်တာကို ရင်ဘတ်ကို ပက်လက်လဲသေတာမှ ကြိုက်တယ်. . . (ကြိုက်ပါတယ်ဘုရား)၊ ဖြစ်မှဖြစ်ရပ်လေ၊ ပေါ်ပလား ဒကာ ဒကာမတို့ . . . (ပေါ်ပါပြီ)။

ဒါဖြင့် အခု ကုန်ကူးနေကြတာ ဒကာကြွယ် များများ မြတ်တာကြိုက်သလား၊ နည်းနည်းပဲ ကြိုက်သလား. . . (များများမြတ်တာ ကြိုက်ပါတယ်ဘုရား)၊ အံမာလေး . . . နောက်ပြန် လှည့်သေချင်တာကိုး . . . (မှန်ပါ)၊ ရိပ်မိပလား . . . (ရိပ်မိပါပြီ)၊ ဘာဖြစ်ချင်တုံး . . . (နောက်ပြန်လှည့် သေချင်တာပါဘုရား)၊ အထုပ်ကြီးမှန်ပြီးတော့ . . . (မှန်ပါ)၊ ရှင်းပလား . . . (ရှင်းပါပြီ)။

## ရက်ကွဲပက်လက်သေချင်လို့လား

ပျောက်ကြည့်စမ်းပါ ဒကာသစ်ရေ . . . တစ်ကျပ် ပျောက်တာနဲ့ တစ်သောင်းပျောက်တာ ဘယ်သူက ထိခိုက်

သတုံး. . . (တစ်သောင်းပျောက်တာက ထိခိုက်ပါတယ် ဘုရား)။

ဒါ. . . အထုပ်ကြီးမှန်တာဗျ . . . (မှန်ပါ့)၊ သို့သော် ခင်ဗျ[illegible]က ဘယ်ဟာလိုက်ရှာသတုံး. . . (အထုပ်ကြီးမှန်တာလိုက်ရှာပါတယ်ဘုရား)၊ ဘာဖြစ်လို့တုံး၊ ရင်ကွဲပက်လက်သေချင်လို့လား. . . (မှန်ပါ့)၊ ဒီအဓိပ္ပါယ်ပဲ မရဘူးလား ရသလား . . . (ရပါတယ်ဘုရား)။

ဉာဏ်နဲ့စဉ်းစားဗျ. . . (မှန်ပါ့)၊ ဉာဏ်နဲ့စဉ်းစားမှ ဒကာ ဒကာမတို့ ပေါ်လာတယ် . . . (ပေါ်လာပါတယ်ဘုရား)၊ ဒါဖြင့် သင်္ခါရကြီး လေဘာတုံး၊ နှိပ်စက်လေပဲ. . . (မှန်ပါ့)။

သင်္ခါရကြီးလေ. . . (နှိပ်စက်လေပါဘုရား)၊ ဒါဖြင့် ဒကာကြွယ်ရေ ဒကာကြွယ်တို့ သင်္ခါရကြီးတာ ကောင်းသလား. . . သင်္ခါရချုပ်တာကောင်းသလား . . . (သင်္ခါရချုပ်တာ ကောင်းပါတယ်ဘုရား)။

ဒကာကြွယ်တို့ ရက်ကန်းစင်တွေတိုးတာကတော့ ဘာလုပ်တာတုံးဗျ. . . (သင်္ခါရကြီးအောင်ပါဘုရား)။

သင်္ခါရကြီးအောင် ဩော်. . . တပည့်တော် ရိုးရိုး မသေချင်ဘူး ဘုရား၊ နောက်ပြန်ပြီးသွကာလ လဲသေချင်တယ်. . . (မှန်ပါ့)၊ ဒီအဓိပ္ပါယ်မရဘူးလား ရသလား . . .

(ရပါတယ်ဘုရား)၊ အတော်ဆိုးတာဗျ . . . (ဆိုးပါတယ် ဘုရား)။

သခ်ါရနဲ့ ပတ်သက်လို့ ဒီအဓိပ္ပါယ်ကိုရှင်းမှ ဒကာသစ်ရဲ့ သူဟာ အသေဆိုးပါလား . . . (မှန်ပါ့ဘုရား)။

အထုပ်ကြီးမှန်တာကိုးဗျ. . . (မှန်ပါ့)၊ ပေါ်ကြ ပလား . . . (ပေါ်ပါပြီဘုရား)။

## သခ်ါရများရင် နှိပ်စက်တာများတယ်

ဒါဖြင့် ဒကာကြွယ် ကြီးချင်သေးသလား. . . တော်လောက်ပလား. . . (တော်လောက်ပါပြီဘုရား)၊ တော်လောက်ပြီ . . . (မှန်ပါ့)၊ ဒီထက်ကြီးရင်ဖြင့် အရိုးတောင်ရှာတွေ့မှာ မဟုတ်ဘူး. . . (မှန်ပါ့)၊ အတော်ဆိုးနေပြီဆိုတာ ပေါ်လာကြပလား . . . (ပေါ်လာပါပြီဘုရား)။

ကဲ. . . ဒါဖြင့် ဒကာ ဒကာမတို့ သားတစ်ယောက်နှစ်ယောက်မွေးဖွားရတာ ပြုစုရတာနဲ့ ကိုယ့်တစ်ယောက်ပြုစုရတာနဲ့ ဘယ်သူက သက်သာသတုံး. . . (ကိုယ့်တစ်ယောက်ပြုစုရတာက သက်သာပါတယ်ဘုရား)၊ ဟိုဘက်က သခ်ါရတွေ များသကိုးဗျ. . . (များပါတယ်ဘုရား)။

သခ်ါရတွေများတော့ နှိပ်စက်တာများလို့ သားသမီးများတဲ့ လူမှာ အမေသွားကြည့်ပါ လူရုပ်မပီဘူး . . . (မှန်ပါ့)၊

ပီသေးရဲ့လား . . . (မပီပါဘုရား)၊ ဘာဖြစ်လို့တုံး . . . သင်္ခါရတွေနှိပ်စက်ထားလို့. . . (မှန်ပါ)၊ ဖြစ်ပေါ်လာတာတွေက . . . (သင်္ခါရတွေပါဘုရား)၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

## မျက်ရည်အမြတ်ထွက်မယ်

ကောင်းပြီ. . . ဒါဖြင့် အဖြစ်ကို သဘောကျလို့ရှိရင်ဖြင့် အပျက်ကျတော့ မျက်ရည်အမြတ်ထွက်မယ်ဆိုတာ ပေါ်လာကြပလား . . . (ပေါ်လာပါပြီဘုရား)။

အပျက်ကျတော့. . . (မျက်ရည်အမြတ်ထွက်မှာပါဘုရား)၊ မျက်ရည်အမြတ်ထွက်ပြီးသကာလ အပါယ်လေးပါး အညွန့်ပေါက်မယ် . . . (မှန်ပါ)။

အံမာလေး . . . လွန်လှချည်လား ဒကာ ဒကာမတို့ အမြတ်ကလဲ မျက်ရည်တဲ့ . . . (မှန်ပါ)၊ အညွန့်ပေါက်လာတာ အပါယ်လေးပါးရောက်မယ် . . . (ရောက်ပါမယ်ဘုရား)။

ဒါဖြင့် ဒကာသစ် ဘယ်ဟာကြိုက်သတုံး. . . (ဘယ်ဟာမှမကြိုက်ပါဘုရား)၊ ဘယ်ဟာမှ မကြိုက်ဘူးဆိုရင် သင်္ခါရရှောင်ရလိမ့်မယ်. . . (ရှောင်ရပါမယ်ဘုရား)။

ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးကတော့ သင်္ခါရနယ်မှ လွတ်ကင်းတဲ့ အသင်္ခတနယ်သွားပေ့ါတဲ့. . . (မှန်ပါ့)၊ မဆိုဘူးလား . . . ဆိုသလား . . . (ဆိုပါတယ်ဘုရား)၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## ဒီဂါထာကို အလုပ်ထဲစကြပါစို့

ကဲ. . . ဒါဖြင့် ဒကာ ဒကာမတို့ ဒီဂါထာကို အလုပ်ထဲစကြပါစို့ . . . (မှန်ပါ့)။

ဒကာ ဒကာမတို့ သန္တာန်မှာ စားချင်တဲ့စိတ်ကလေး ပေါ်လာတယ် ဘာခေါ်ကြမလဲ. . . (သင်္ခါရပါဘုရား)၊ သင်္ခါရ. . . (မှန်ပါ့)။

စားချင်တဲ့စိတ်ပေါ်လာတာ စားစရာကြောင့် ပေါ်လာတာ . . . (မှန်ပါ့)၊ စားချိန်ရောက်လာလို့ ဟိုမှာ ထမင်းတွေ၊ ဟင်းတွေ အနံ့နံ့လာလို့ စားချင်တဲ့စိတ်ပေါ်လာတယ် . . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါဖြင့် စားချင်တဲ့စိတ်ကလေး ဘာခေါ်ကြမယ် . . . (သင်္ခါရပါဘုရား)၊ သင်္ခါရတရား ဘယ်မှာ လမ်းဆုံးမလဲ . . . (အနိစ္စလမ်းဆုံးရပါမယ်ဘုရား)။

ဟုတ်မှ ဟုတ်ပါ့မလားဆိုတော့ ဝတ=စင်စစ်ကွ . . . (မှန်ပါ့)၊ အနိစ္စဝတကိုးဗျ. . . (မှန်ပါ့)၊ သင်္ခါရာ=သင်္ခါရ တရားတို့သည်၊ ဝတ=စင်စစ်၊ အနိစ္စာ=ဖြစ်ပြီး ပျက်တာပဲကွ တဲ့ . . . (မှန်ပါ့)၊ ဆိုတော့ ဒကာ ဒကာမတို့ သင်္ခါရ တရားဟာဖြစ်ပြီး ဘာတဲ့ . . . (အနိစ္စလမ်းဆုံးပါတယ်ဘုရား)။

မပျက်သေးတဲ့ တရားရှိသေးသလားလို့ မေးတော့ စင်စစ်ကွလို့ ဘုရားက ဆက်လိုက်တယ်. . . (မှန်ပါ့)၊ သဘောပါပလား . . . (ပါ, ပါပြီဘုရား)။

အဲဒီ အနိစ္စသင်္ခါရတရားပျက်ပြီ၊ သင်္ခါရတရားကလေးပျက်တယ်။ ပျက်တယ်ဆိုတာ ခင်ဗျားတို့က နောက်ကနေလိုက်ပေး . . . (မှန်ပါ့ဘုရား)။

ဒါဖြင့် သင်္ခါရတရားပျက်တာသည် ဒကာ ဒကာမတို့ ခန္ဓာပျက်တာပဲ . . . (မှန်ပါ့)။

## ခန္ဓာပျက်တာကို ဉာဏ်နဲ့လိုက်ပါ

သင်္ခါရတရားပျက်တာသည် . . . (ခန္ဓာပျက်တာပါ)၊ အဲဒါ ခန္ဓာပျက်တာကို ခင်ဗျားတို့က ဉာဏ်နဲ့လိုက်. . . (မှန်ပါ့)၊ ဉာဏ်နဲ့လိုက်ပါ . . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါပြီ)၊ လိုက်-လိုက်တော့ သင်္ခါရကဖြစ်တာ၊ အနိစ္စ

က ပျက်တာဆိုတော့ ဒါ့ကြောင့် ဆရာဘုန်းကြီးက ဖြစ်ပျက်ရှုပေး . . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဘာအရှုခိုင်းနေတာတုံး . . . (ဖြစ်ပျက်ရှုခိုင်းတာပါဘုရား)၊ ဒါ-သင်္ခါရနဲ့ အနိစ္စအရှုခိုင်းတာ . . . (မှန်ပါ့)။

ဘာ့ကြောင့်တုံးလို့ မေးတဲ့အခါကျတော့ ဝတ=စင်စစ်၊ ဒီနှစ်ခုရှိတယ်ကွတဲ့. . . (မှန်ပါ့)၊ သင်္ခါရတရားဟာ ကေန်ပျက်တာပဲရှိတယ်လို့ဆိုတော့ ယားတဲ့နေရာလေးခုနင်က ပေါ်လာတယ်၊ ပိုးကောင်ကလေးတက်လို့ . . . (မှန်ပါ့)၊ ပိုးကောင်ကလေးတည်းဟူသော တရားက ပြုပြင်လိုက်လို့ ယားတဲ့သင်္ခါရပေါ်လာတယ် . . . (မှန်ပါ့)၊ မပေါ်ဘူးလား. . . (ပေါ်လာပါတယ်ဘုရား)။

အဲဒီယားတာကလေးဟာ တော်တော်ကြာပျောက်သွားတယ် . . . (မှန်ပါ့)၊ အဲဒီပျောက်သွားတာက ဘာခေါ်ကြမယ် . . . (အနိစ္စပါဘုရား)၊ ယားတာက . . . (သင်္ခါရပါဘုရား)၊ ပြောင်းပြန်ပါလား . . . (မှန်ပါ့)။

ဩော် . . . ခင်ဗျားတို့ သန္တာန် ဒီဝေဒနာကို ဝေဒနာက္ခန္ဓာကောင်ကြီးလို့ ဆိုထားတော့ ဒီဝေဒနာပေါ်ပြီး ဒီဝေဒနာပျက်သွားတာပဲ. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

## သင်္ခါရတရားစင်စစ်ပျက်တယ်

ဒီဝေဒနာပေါ်ပြီ . . . (ဒီဝေဒနာပျက်သွားပါတယ် ဘုရား)၊ ဒီဝေဒနာပဲပျက်သွားတယ်ဆိုတော့ ဘုရားက ပျက်မှ ပျက်ပါ့မလားဆိုတော့ ဒကာကြွယ် သူ့ပါဠိတရားကိုက ဝတ ပါပါတယ်. . . (မှန်ပါ့)၊ ဝတဆိုတာဘာလဲ . . . (စင်စစ်ပါ ဘုရား)၊ စင်စစ်တဲ့. . . (မှန်ပါ့)၊ စင်စစ်ပျက်တယ်ကွ . . . (မှန်ပါ့)၊ ငါဘယ်နည်းနဲ့မှ ဒီဥစ္စာကို လျှော့ဈေးမဟော နိုင်ဘူး . . . (မှန်ပါ့)။

သင်္ခါရတရားပျက်တယ် . . . (မှန်ပါ့)၊ စင်စစ် ပျက်တယ် သဘောပါပလား . . . (ပါ, ပါပြီဘုရား)။

ဒါဖြင့် ဘာကလေးပေါ်လာလာ ပေါ်တာသင်္ခါရ၊ ပျက်တာအနိစ္စ. . . (မှန်ပါ့)၊ ပေါ်တာ. . . (သင်္ခါရ)၊ ပျက်တာ . . . (အနိစ္စပါဘုရား)။

## ဖြစ်ပျက်နယ်မှ လွတ်ရပါလို၏

ဒါဖြင့် ဘယ်ဆုမှ မတောင်းကြနဲ့တဲ့ ဒကာ ဒကာမတို့ . . . (မှန်ပါ့)၊ သင်္ခါရနယ်အတွင်းမှ လွတ်ကင်းရပါလို၏ လို့သာ တောင်း. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါ ပြီ)၊ ဘယ်လိုတောင်းကြမတုံး. . . (သင်္ခါရနယ်တွင်းက လွတ်ရပါလို၏ဘုရား)။

ဒါဖြင့် ဖြစ်ပျက်နယ်မှ လွတ်ရပါလို၏. . . (မှန်ပါ့)၊ ဒါမှ နိဗ္ဗာန်ဗျ . . . (မှန်ပါ့)။

ဖြစ်ပျက်ဒုက္ခမှ ကျွတ်ရပါလို၏ဆိုမှ ဘာတုံး . . . (နိဗ္ဗာန်ပါဘုရား)၊ နိဗ္ဗာန်ပဲဆိုတာ သဘောကျပလား . . . (ကျပါပြီဘုရား)။

ဩော်. . . ဒါဖြင့် ယနေ့တရားမှာ နိဗ္ဗာန်ရောက် အောင်ဖြင့် ဒကာ ဒကာမတို့ ဉာဏ်တက်-တက်တော့မှပဲ ဆိုတာ အောက်မေ့ပါ . . . (မှန်ပါ့ဘုရား)။

ကဲ. . . ဒါဖြင့် ပေါ်လာတဲ့တရားကလေး သင်္ခါရ ဝေဒနာပေါ်လဲ သင်္ခါရ စိတ်ပေါ်လဲ သင်္ခါရပူတဲ့ရုပ်ကလေး ပေါ်တာလဲ. . . (သင်္ခါရပါဘုရား)၊ အေးတဲ့ရုပ်ကလေးပေါ် တာလဲ. . . (သင်္ခါရပါဘုရား)၊ အေးဒါလဲ အေးတာကလေး ပေါ်ပြီး တစ်ခါအေးတာ ပျောက်ဦးမှာပဲ . . . (မှန်ပါ့)၊ ပူတာကလေးပေါ်ပြီးတော့ကော . . . (ပူတာပျောက်ဦးမှာပါ ဘုရား)၊ ပူရုပ် ပျောက်ဦးမှာပဲ . . . (မှန်ပါ့)။

ဒါဖြင့် သင်္ခါရတရား ဘယ်မှာလမ်းဆုံးသတုံး . . . (အနိစ္စလမ်းဆုံးပါတယ်ဘုရား)။

ဩော်. . . ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ် ကြီးက အနိစ္စာဝတသင်္ခါရာ . . . (မှန်ပါ့)၊ ဒကာကြွယ် ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)။

## ဥပ္ပါဒဝယ ဓမ္မိနော

အဲဒါ မင်းတို့ မသိမှာလဲ ငါက သိပ်စိုးရိမ်တယ်ကွာ . . . တဲ့၊ စင်စစ်တော့ ငါဟောချင်တာက ဥပ္ပါဒနဲ့ ဝယပါပဲ တဲ့ . . . (မှန်ပါ့)၊ ဖြစ်ပျက်ရှိပါတယ် . . . (မှန်ပါ့)၊ ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)။

'ဥပ္ပါဒဝယ ဓမ္မိနော' ဥပ္ပါဒဝယ ဓမ္မိနော=ခုနင်က နှစ်ခုပြောရလို့ရှိရင် ဥပ္ပါဒနဲ့ ဝယပဲရှိတယ် . . . (မှန်ပါ့)၊ ဖြစ်ပျက်ရှိပါတယ်ကွာတဲ့ . . . (မှန်ပါ့)၊ ဒီပါဠိကလာတာပဲ . . . (မှန်ပါ့ဘုရား)။

ဖြစ်ပျက်ဆိုတာ ပေါ်ကြပလား . . . (ပေါ်ပါပြီ)၊ ဒီသံယုတ်ပါဠိတော်ကလာတာ . . . (မှန်ပါ့ဘုရား)။

ဒကာကြွယ် ရွတ်ကြည့်စမ်းပါလား၊ '**အနိစ္စာဝတ သင်္ခါရာ**' ပြီးတော့ ဒါကို ဘုရားက ဆက်ဟောသတုံး . . . (ဥပ္ပါဒဝယ ဓမ္မိနောပါဘုရား)။

အဲ . . . ဓမ္မိနော=တရားသဘောကို ပြောရလို့ရှိရင် . . . တဲ့၊ မင်းတို့ သန္တာန်ဖြစ်တဲ့ တရားသဘောတွေ ငါပြော ရလို့ရှိရင် ဥပ္ပါဒနဲ့ ဝယပဲရှိတယ် . . . (မှန်ပါ့)၊ မြန်မာလို ပြန်လိုက်တော့ ဘယ်နှယ်ဖြစ်နေသလဲ . . . (ဖြစ်ပျက်ပဲ ရှိပါတယ်ဘုရား)။

ဖြစ်ပျက်ပဲရှိတယ်တဲ့ ယောကျ်ား၊ မိန်းမ မပါပါဘူးတဲ့ . . . (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတို့ ဘာသာပါသတုံး. . . (ဖြစ်ပျက်ပဲပါ, ပါတယ်ဘုရား)၊ ယောကျ်ား၊ မိန်းမ . . . (မပါ, ပါ)၊ ပုဂ္ဂိုလ်သတ္တဝါ . . . (မပါ, ပါဘုရား)။

## သက္ကာယဒိဋ္ဌိပြုတ်ပြီ

အင်း. . . ဒါဖြင့် မနေ့ကတရားအတိုင်းပဲ ဒကာကြွယ်ရေ . . . သက္ကာယဒိဋ္ဌိပြုတ်ပြီ . . . (မှန်ပါ့ ဘုရား)။

ပြုတ်ပြီ၊ သက္ကာယဒိဋ္ဌိ သေသေချာချာပြုတ်ပြီဦးမာတင်. . . (မှန်ပါ့)၊ တရားသဘောပြောရမှာဖြင့် ဘာရှိသတဲ့တုံး. . . (ဖြစ်ပျက်ပဲရှိပါတယ်ဘုရား)။

အဲ. . . ပါဠိလိုတော့ ဥပ္ပါဒနဲ့ ဝယ . . . (မှန်ပါ့)၊ မြန်မာလို ပြန်လိုက်တော့ . . . (ဖြစ်ပျက်ပါ)၊ ဖြစ်တာနဲ့ ပျက်တာပဲရှိတယ် . . . (မှန်ပါဘုရား)။

ကဲ. . . ဒကာကြွယ် မှန်ပလားဗျာ . . . (မှန်ပါပြီ)၊ ဒါဖြင့် ဒီအထဲမှာ ယောကျ်ားတွေပါသေးသလား . . . မိန်းမတွေပါသေးသလားလို့ မေးကြလို့ရှိရင် အခေါ်သာ ပါ, ပါတယ်ဘုရား၊ အရှိကတော့ ဖြစ်ပျက်ချည့်ပါပဲ. . . (မှန်ပါ့ဘုရား)။

အခေါ်ကတော့ . . . (ပါ, ပါတယ်)၊ အရှိကတော့ . . . (ဖြစ်ပျက်ချည့်ပါဘုရား)။

အရှိကတော့ ဖြစ်ပျက်ချည့်ပဲဆိုတာဖြင့် ဒိပါဠိတော်နဲ့လဲကျေနပ်ပါတော့၊ ခင်ဗျားတို့ဖြစ်စဉ်နဲ့လဲ အမှန်မြင်လို့ရှိရင်ဖြင့် ဩော် . . . ဒါပဲရှိတယ်လို့ ဆုံးဖြတ်ချက်ချပါတော့ . . . (မှန်ပါ့)၊ ဆိုထိုက်ပလား . . . (ဆိုထိုက်ပါပြီဘုရား)။

## ဥပ္ပဇ္ဇိတွာ၊ နိရုဇ္ဈန္တိ

ဒါမှာရှိတာကတော့ဖြင့် ဖြစ်ပျက်ရှိတာပဲဆိုပြီး သကာလ ဘုရားက သေချာသည်ထက် သေချာအောင်ဆိုပြီး ဒကာကြွယ်ထပ်ပြန်တယ်နော် . . . (မှန်ပါ့)၊ ဥပ္ပဇ္ဇိတွာ=ဖြစ်ပေါ်ပြီး၍၊ နိရုဇ္ဈန္တိချုပ်ကြကုန်၏တဲ့ . . . (မှန်ပါ့)၊ မင်းတို့သန္တာန်မှာ ဖြစ်ပြီးချုပ်မှာသာ ရှိပါတယ်ကွာတဲ့ . . . (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတို့ ခင်ဗျားတို့သန္တာန်မှာ . . . (ဖြစ်ပြီးချုပ်တာသာရှိပါတယ်ဘုရား)။

## ဖြစ်ပြီးချုပ်တာသာရှိတယ်

ဆံပင်ကြည့်လိုက်ပြန်လဲ ဖြစ်ပြီးချုပ်မှာပဲ . . . (မှန်ပါ့)၊ မျက်လုံးကြည့်လိုက်ပြန်လဲ . . . (ဖြစ်ပြီးချုပ်မှာပဲ)၊ ဝေဒနာတွေကြည့်လိုက်ပြန်လဲ. . . (ဖြစ်ပြီးချုပ်မှာပါ)၊ စိတ်တွေကြည့်လိုက်ပြန်လဲ . . . (ဖြစ်ပြီးချုပ်မှာပါ)၊ ရုပ်တွေကြည့်လိုက်ပြန်ကော . . . (ဖြစ်ပြီးချုပ်မှာပါဘုရား)။

ဩော်. . . ဒကာ ဒကာမတို့ ခင်ဗျားတို့ သန္တာန်မှာ ဘာအမြဲတမ်းရှိပါလိမ့် . . . (ဖြစ်ပြီးချုပ်တာ ရှိပါတယ်ဘုရား)။

ဖြစ်ပြီးချုပ်တာပဲ . . . (မှန်ပါ့)၊ ဒါဖြင့် ဒီလိုလုပ်ကြဆိုတော့ ခင်ဗျားတို့ စိတ်နာအောင် ပြောကြစို့နော် . . . (မှန်ပါ့ဘုရား)။

တပည့်တော်တို့ ခန္ဓာကိုယ်ထဲမှာ မွေးသေပဲရှိတယ်ဘုရား . . . (မှန်ပါ့)၊ မသာပေါ်လာတာနဲ့ မသာဖြစ်တာနဲ့ ဒါပဲရှိတယ်. . . (မှန်ပါ့ဘုရား)။

## မသာပေါ်တာနဲ့ မသာဖြစ်တာ

ဘယ့်နှယ်ဆိုကြမလဲ . . . (မသာပေါ်လာတာနဲ့ မသာဖြစ်တာပဲ ရှိတယ်)၊ ခန္ဓာကိုယ်တစ်ကိုယ်လုံးမှာ ဒါပဲရှိတယ်. . . (မှန်ပါ့)၊ ဖြစ်ပေါ်လာတာက မသာပေါ်လာတာ

. . . (မှန်ပါ့)၊ ပျက်သွားတာက မသာဖြစ်တာ . . . (မှန်ပါ့ဘုရား)။

ဒါဖြင့် ခန္ဓာကိုယ်ထဲ မသာပေါ်တာရယ် ဟုတ်လား၊ ဒကာ ဒကာမတို့ မသာဖြစ်တာရယ် . . . (ဒါပဲရှိပါတယ်)၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

မသာဖြစ်ဖို့ ပေါ်လာတာရယ်၊ နောက်မသာဖြစ်သွားတာရယ်၊ ဒါပဲရှိတယ် . . . (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတို့ ဘာပဲရှိပါလိမ့် . . . (မသာဖြစ်ဖို့ပေါ်လာတာရယ်၊ မသာဖြစ်သွားတာရယ်၊ ဒါပဲရှိပါတယ်ဘုရား)။

မသာဖြစ်ဖို့ ပေါ်လာတာက သင်္ခါရ၊ မသာဖြစ်သွားတာက . . . (အနိစ္စပါ)၊ ဒါပဲရှိတယ် . . . (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ ခန္ဓာကိုယ်၊ ကျုပ်တို့ခန္ဓာကိုယ်ထဲမှာဖြင့် ဒကာ ဒကာမတို့ ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခသာ ရှိပါတယ် . . . (မှန်ပါ့)၊ ဒီလိုရှုပေး . . . (မှန်ပါ့ဘုရား)။

ဝိပဿနာရှုလို့ရှိရင် ဖြစ်ပျက်ပဲ၊ အင်း. . . ဒါဖြစ်တာလဲ ဒုက္ခပဲ၊ ပျက်တာလဲ ဒုက္ခပဲ၊ ဒါဖြင့် ဖြိုင်ဖြိုင်ရှုပေး. . . (မှန်ပါ့)၊ ခန္ဓာကိုယ်ထဲမှာ ဘာပဲပေါ်လာလာ၊ ဝေဒနာပေါ်လဲ ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခပဲ . . . (မှန်ပါ့)၊ စိတ်ကလေးပေါ်လာလဲ . . . (ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခပါပဲ)၊ အဲဒီလိုရှုပေး ရှုပေး . . . (မှန်ပါ့ဘုရား)။

## အနိစ္စနဲ့ သင်္ခါရပဲရှိတယ်

အဲဒီလို ရှုပြီးသကာလ ဒကာကြွယ်ရေ ဉာဏ်ထဲမှာ ဖြင့် ဖြစ်တာတွေ ပျက်တာတွေ အနိစ္စနဲ့ သင်္ခါရပဲရှိတယ်၊ ဥပ္ပါဒနဲ့ ဝယပဲရှိတယ်၊ ဒါစကားသာ ထပ်ပြောနေတာ ဒကာသစ် တစ်မျိုးတည်းပဲ. . . (မှန်ပါ့)၊ ဥပ္ပဇ္ဇိတွာ=ဖြစ်ကုန်ပြီး၍၊ နိရုဇ္ဈန္တိ=ချုပ်ကြကုန်၏၊ ဒါလဲ ထူးသေးရဲ့လား . . . (မထူးပါ)၊ ဖြစ်ပြီးချုပ်တာပဲကွတဲ့ . . . (မှန်ပါ့ဘုရား)။

ဒါက ဒကာ ဒကာမတို့ အခုပြောခဲ့တာက '**အနိစ္စာ ဝတ သင်္ခါရာ**" ဆိုတာလဲ ဝိပဿနာဉာဏ်ဟောတာပဲ . . . (မှန်ပါ့)၊ 'ဥပ္ပါဒဝယ ဓမ္မိနော' ဆိုတာကော. . . (ဝိပဿနာဉာဏ် ဟောတာပါဘုရား)၊ "**ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ**" ဆိုတာကော . . . (ဝိပဿနာဉာဏ်ဟောတာပါပဲ)၊ အင်း . . . ဖြစ်ပျက် ချည့် ဆက်ဟောတယ် . . . (မှန်ပါ့ဘုရား)။

ဘုရားဘာတွေ ချည့်ဟောပါလိမ့် . . . (ဖြစ်ပျက်တွေ ချည့်ဟောပါတယ်)၊ အို. . . ဒကာ ဒကာမတွေ နေရာကျ လိုက်တာ ဒို့သည်ကားလို့ ဆိုလို့ရှိရင် တရားရှာနေကြတာ ကြာလိုက်တာ၊ ဒီဂါထာ ဒို့လဲရသားပဲ၊ အခု မရသေးတဲ့ ပုဂ္ဂိုလ်လဲရပြီ၊ တို့သန္တာန်မှာ ဘယ်အချိန်ကြည့်ကြည့် ဖြစ်ပျက် တွေ့ရမှာပဲတဲ့ . . . (မှန်ပါ့ဘုရား)။

ဒို့သန္တာန်မှာ ဘယ်အချိန်ကြည့်ကြည့် . . . (ဖြစ်ပျက်တွေ့ရမှာပါဘုရား)၊ ဖြစ်ပျက်တွေ့တော့ ဖြစ်ပျက်က ဖြစ်ပျက်၊ တွေ့တာကမဂ် . . . (မှန်ပါ့ဘုရား)။

## ဝိပဿနာမဂ်ဉာဏ်

ဖြစ်ပျက်က. . . (ဖြစ်ပျက်ပါ)၊ တွေ့တာက. . . (မဂ်ပါ)၊ ကဲ. . . ဒကာသစ် နေရာကျပြီ . . . (ကျပါပြီဘုရား)။

ကောင်းပြီ. . . ဒါဖြင့် ဖြစ်ပျက်ကဖြစ်ပျက်၊ တွေ့တာက မဂ်ဆိုတော့ ဒါဘာဉာဏ်တွေတုံး မေးလို့ရှိရင်ဖြင့် ဒီမဂ်ဟာ ဝိပဿနာမဂ်ဉာဏ် . . . (မှန်ပါ့ဘုရား)။

ဒီမဂ်ဘယ့်နှယ်ဆိုကြမလဲ. . . (ဝိပဿနာမဂ်ဉာဏ်ပါ)၊ ဖြစ်ပျက်နဲ့တွေ့တဲ့မဂ်သည် ဘာဉာဏ်ပါလိမ့်. . . (ဝိပဿနာမဂ်ဉာဏ်ပါဘုရား)။

ကိုင်း. . . ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောပြန်တယ်. . . (မှန်ပါ့)၊ ဒကာကြွယ် ဒီဂါထာရတယ်နော် . . . (ရပါတယ်)၊ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိကျအောင် ဖြစ်ပျက်ချည့်လို့ဟောတယ်. . . (မှန်ပါ့ဘုရား)။

## တေသံ ဝူပသမော သုခေါ

ကဲ . . . ရှေ့ဆက်စမ်းပါ ဒကာကြွယ်ရ ဘာတဲ့ . . . (တေသံဝူပသမော သုခေါပါဘုရား)၊ အေး . . . တေသံ ဝူပသမော သုခေါ . . . (မှန်ပါ့)။

တေသံဆိုတာ ဒကာ ဒကာမတို့ ရှင်းပြမယ်၊ **တေသံ**=ခုနင်က ဖြစ်ပျက်နှစ်ခုတို့၏ တေသံဆိုတာ ဒီဖြစ်ပျက်နှစ်ခု ထပ်နေတာ . . . (မှန်ပါ့)၊ **ဝူပသမော**၊ ချုပ်ငြိမ်းသောနိဗ္ဗာန် သည်၊ သူတို့နှစ်ခုမရှိတာဟာ နိဗ္ဗာန်ပဲ . . . (မှန်ပါ့)၊ **သုခေါ**=ချမ်းသာ၏. . . တဲ့ ဒကာ ဒကာမတို့၊ သူတို့ နှစ်ခုချုပ်ငြိမ်းမှ ခင်ဗျားတို့မှာ ချမ်းသာတဲ့မဂ်ရမယ် . . . (မှန်ပါ့)၊ သူတို့နှစ်ခု မချုပ်ငြိမ်းသေးရင် . . . (မရသေးပါဘုရား)။

ဩော်. . . ဒါဖြင့် တို့ဖြစ်ပျက်ဆုံးအောင်လိုက်ဆိုတာ ဒီဂါထာက လာတာ . . . (မှန်ပါ့)၊ **တေသံ**=ထိုဖြစ်ပျက် နှစ်ပါး တို့၏ ဟုတ်လား . . . (မှန်ပါ့)၊ **ဝူပသမော**=ချုပ်ဆုံးသော နိဗ္ဗာန်သည်၊ **သုခေါ**=ချမ်းသာ၏. . . တဲ့. . . (မှန်ပါ့ဘုရား)၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

## ဖြစ်ပျက်ချုပ်ဆုံးရင် နိဗ္ဗာန်

ကဲ. . . ဒါဖြင့် **'တေသံ ဝူပသမော သုခေါ'** ဆိုလိုတာက နိဗ္ဗာန်ကိုပြောတာ . . . (မှန်ပါ့)၊ ဖြစ်ပျက်ချုပ်ဆုံးရင် ဘာတဲ့ တုံး. . . (နိဗ္ဗာန်ပါဘုရား)။

**တေသံ**=ထိုဖြစ်ပျက်နှစ်ပါးတို့၏ **ဝူပသမော**=ချုပ်ဆုံး သွားခြင်းသည်၊ သုခေါ=ချမ်းသာ၏ ခင်ဗျားတို့စိတ်ထဲမှာ ချမ်းသာပြီ. . . . (မှန်ပါ့ဘုရား)၊ ချုပ်ဆုံးသွားတာက နိဗ္ဗာန်ပါ ပဲ . . . (မှန်ပါ့ဘုရား)။

**တေသံ**=ထိုအဖြစ်အပျက်နှစ်ပါးတို့၏ **ဝူပသမော**= ချုပ်ဆုံးရာနိဗ္ဗာန်သည်၊ **သုခေါ**=ချမ်းသာအစစ်ပဲ. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ)။

## ဖြစ်ပျက်ဆုံးအောင်ရှု

ဒါဖြင့် . . . ခင်ဗျားတို့ ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်မှာ ဖြစ်ပျက်မြင်အောင်ရှု. . . (မှန်ပါ့)၊ ဒါကြောင့် ကြားညာဏ် ကလေးကျတော့ ဖြစ်ပျက်မုန်းအောင်ရှု . . . (မှန်လှပါ ဘုရား)။

နောက် တတိယညာဏ်တော့ ဒကာသစ်ဘာတဲ့ . . . (ဖြစ်ပျက်ဆုံးအောင်ရှုရပါမယ်ဘုရား)။

အဲဒါ ဘယ်ကလာသတုံး . . . မေးတော့မှ ပါဠိ ရွတ်စမ်းပါ ဒကာကြွယ်ရာ . . . (တေသံဝူပသမောသုခေါ)၊ ရှင်းပလား . . . (ရှင်းပါပြီ)၊ **တေသံ**=ထိုဖြစ်ပျက်နှစ်ပါးတို့၏ **ဝူပသမော**=ချုပ်ဆုံးခြင်းသည်၊ ချုပ်ဆုံးရာဖြစ်တဲ့ နိဗ္ဗာန်သည်၊ **သုခေါ**=ချမ်းသာတယ် . . . (မှန်ပါ့)၊ ဒါနိဗ္ဗာန်ပဲကွ. . . တဲ့၊ နိဗ္ဗာန်ဆိုတာ တခြားမဟုတ်ဘူး . . . တဲ့ . . . (မှန်ပါ့)။

ဒကာ ဒကာမတို့ ဖြစ်ပျက်ဆုံးတာဘာတဲ့ . . . (နိဗ္ဗာန်ပါဘုရား)၊ အင်း. . . ဒကာကြွယ် ဘယ်ပါဠိတော်က လာပါလိမ့်. . . (တေသံဝူပသမောသုခေါပါဘုရား)။

ဒါဖြင့် ဒီနေ့ဒီဂါထာတစ်ခုတည်းနဲ့ ရှေ့ပိုင်းက '**အနိစ္စာ ဝတသင်္ခါရာ**'ကို မြင်အောင်ကြည့်နိုင်လဲ ဝိပဿနာဉာဏ်ပဲ . . . (မှန်ပါ့)၊ '**ဥပ္ပါဒဝယဓမ္မိနော**' ကြည့်ရင်လဲ . . . (ဝိပဿ နာဉာဏ်ပါဘုရား)၊ '**ဥပ္ပဇ္ဇိတွာနိရုဇ္ဈန္တိ**' ကြည့်ရင်လဲ. . . (ဝိပဿနာဉာဏ်ပါဘုရား)၊ ဒါတွေက ဘုရားက မြဲအောင် လျှောက်ပြနေတာ . . . (မှန်ပါ့ဘုရား)၊ စင်စစ်တော့ ဖြစ်ပျက် ချည့်ကြည့် ဖြစ်ပျက်ချည့် ကြည့်ပြောနေတာ . . . (မှန်ပါ့)။

## ဖြစ်ပျက်ကြည့်ပါလို့ (၃) ခါ ထပ်ပြောတယ်

ဘာအကြည့်ခိုင်းတာပါလိမ့်. ... (ဖြစ်ပျက်ကြည့်ခိုင်း တာပါဘုရား)၊ ဖြစ်ပျက်ကြည့်-ဖြစ်ပျက်ကြည့်-ဖြစ်ပျက်ကြည့် လို့ သုံးခါပြောနေတာ . . . (မှန်ပါ့)။

ဒကာကြွယ် ဘယ်နှစ်ခါပြောသလဲ. . . (သုံးခါပြော ပါတယ်ဘုရား)၊ '**အနိစ္စာဝတသင်္ခါရာ**' တုန်းက တစ်ခါပြောခဲ့ တယ်. . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါပြီ)။

(၁) '**အနိစ္စာဝတသင်္ခါရာ**' တုန်းကလဲ . . . (တစ်ခါပြောခဲ့ပါတယ်ဘုရား)။

(၂) 'ဥပ္ပါဒဝယ ဓမ္မိနော' တုန်းကလဲ . . . (တစ်ခါပြောခဲ့ပါတယ်ဘုရား)။

(၃) 'ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ' ကျတော့လဲ . . . (တစ်ခါပြောခဲ့ပါတယ်ဘုရား)။

အဲဒါဖြစ်ပျက်ချည့် မင်းတို့ ကြည့်ပေးပါကွာ၊ ကြည့်ပေးပါဆိုတာကို သုံးခါထပ်ပြောတယ် . . . (မှန်လှပါ)။

ဒကာကြွယ် ဘယ်နှစ်ခါပြောပါလိမ့်. . . (သုံးခါထပ်ပြောပါတယ်ဘုရား)။

## မသေမချင်းရှုရမှာလား

သုံးခါထပ်ပြောတော့ ကျုပ်တို့ကလဲ ဒါလောက်ဆိုဟာ. . . ဒါဖြင့် တပည့်တော်တို့ ဝိပဿနာဉာဏ်တော့ဖြင့် ဘုရားဖြစ်ပျက်မြင်ရင် ဝိပဿနာဉာဏ်ကိုက်ပြီဘုရာ့ . . . (မှန်ပါ့ဘုရား)၊ ဝိပဿနာဉာဏ်ရပြီဘုရာ့၊ မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား)။

အဲဒီတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကကဲ. . . ဝိပဿနာဉာဏ်တော့ မင်းရပြီ၊ ဝိပဿနာဉာဏ်အဆုံး ဝိပဿနာဉာဏ်ဘယ်တော့ပြီးတယ်ဆိုတာ ငါပြောဦးမယ်. . . တဲ့. . . (မှန်ပါ့)၊ ဝိပဿနာကိစ္စဟာ မသေမချင်းရှုနေရမှာ မဟုတ်ပါဘူး. . . (မှန်ပါ့ဘုရား)။

ဝိပဿနာကိစ္စဟာ . . . (မသေမချင်းရှုရမှာပါဘုရား)၊ မသေမချင်းရှုနေရမှာ မဟုတ်ပါဘူးကွာတဲ့ . . . (မှန်ပါ)၊ မင်းတို့ဝိပဿနာပြီးတာကို မသိဘဲနေမှာစိုးလို့ **တေသံ=ထိုဖြစ်ပျက်နှစ်ပါးတို့၏ ဝူပသမော=ချုပ်သွားခြင်းသည်၊ သုခေါ=နိဗ္ဗာန်ပဲတဲ့**. . . (မှန်လှပါ)။

မင်းတို့ ဒါချုပ်အောင်ရှုနိုင်ရင် ဘာတဲ့တုံး . . . (နိဗ္ဗာန်ပါဘုရား)။

## ဝိပဿနာဉာဏ်ကိုရှေ့ထားပြီးလုပ်

ဒါဖြင့်. . . ဒီဂါယာသည် ဒကာ ဒကာမတို့ ဖြစ်ပျက်ဆိုတဲ့ ဝိပဿနာဉာဏ်ကိုလဲ ရှေ့ထားပြီးလုပ်ကြ. . . လို့ပြောတာ . . . (မှန်ပါ)၊ နိဗ္ဗာန်မြင်တဲ့ဉာဏ် နောက်လာလိမ့်မယ်လို့လဲ ပြောတာ . . . (မှန်ပါ)။

ဒါဖြင့် ဒကာ ဒကာမတို့ ဘယ်နှစ်ဉာဏ်ဟောပါလိမ့် . . . (သုံးဉာဏ်ဟောပါတယ်ဘုရား)။

အဲ. . . သုံးဉာဏ်ဆိုလဲ ဟုတ်တယ်၊ တိုတိုပြောရင် နှစ်ဉာဏ်တည်းလဲဟုတ်တယ် . . . (မှန်ပါ)။

## နောက်ကာမဂ်ဉာဏ်

နှစ်ဉာဏ်တည်းလဲ . . . (ဟုတ်ပါတယ်ဘုရား)၊ ရှေ့က ဝိပဿနာဉာဏ် . . . (မှန်ပါ့)၊ နောက်က . . . (မဂ်ဉာဏ်ပါ ဘုရား)၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

ကဲ. . . ဒါဖြင့် ဒကာ ဒကာမတို့ တစ်ခေါက်ပြန်ပြော ပါဦးမယ်တဲ့၊ နာရီနည်းနည်းကျန်နေတယ်၊ '**အနိစ္စာဝတသင်္ခါရာ**'ဒါ ဘာအကြည့်ခိုင်းပါလိမ့် . . . (ဖြစ်ပျက်အကြည့်ခိုင်း တာပါဘုရား)။

ဒကာကြွယ် ဒီပါဠိက ဘာအကြည့်ခိုင်းတာတုံး . . . (ဖြစ်ပျက်ကြည့်ခိုင်းတာပါဘုရား)၊ သင်္ခါရတရား ပျက်တတ်တယ်လို့ ကြည့်ပေး . . . (မှန်ပါ့)။

သင်္ခါရတရား. . . (ပျက်တတ်တယ်လို့ ကြည့်ပေးရ ပါ့မယ်ဘုရား)၊ အဲ. . . ဒါခင်ဗျားတို့ရှေ့တွင် ပေးရမှာနော် . . . (မှန်ပါ့)၊ ပေါ်လာတာ သင်္ခါရ၊ ပျက်တာအနိစ္စ . . . (မှန်ပါ့)၊ ဒကာကြွယ် ဒီအတိုင်းပဲ မဟုတ်လား . . . (မှန်ပါ့)၊ ကိုယ့်ဉာဏ်ထဲ ကြည့်လိုက်ရင် ဒါတွေ့မှာပဲ . . . (မှန်ပါ့)။

ကဲ . . . ဟစ်ခါသွားပါဦးတဲ့ ဒကာသစ်ရေ . . . (မှန်ပါ့)၊ ဘုရားကဘာဟောပြန်ပါလိမ့်။ '**ဥပ္ပါဒဝယ ဓမ္မိနော**' တဲ့ . . . (မှန်ပါ့)၊ ဒီဟာတွေ ဟောတော့ကွာ. . . တဲ့၊ ဖြစ်ပြီး ပျက်တာပါပဲဆိုတာ ထပ်ပြောတယ် . . . (မှန်ပါ့ဘုရား)၊ သဘောကျပလား . . . (ကျပါပြီ)။

ခမ္မိနေဒ=တရားသဘောကို ပြောရမှာဖြင့် . . . တဲ့ ဥပ္ပါဒနဲ့ ဝယပဲရှိတယ် . . . ဖြစ်တာပျက်တာပဲရှိတယ်. . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါပြီ)။

တစ်ခါထပ်ပြောပြန်တယ် ဘုရားက 'ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ'တဲ့၊ ဥပ္ပဇ္ဇိတွာ=ဖြစ်ပြီး၍၊ နိရုဇ္ဈန္တိ=ချုပ်ကုန်၏. . . တဲ့၊ ဖြစ်ပျက်ပဲရှိတယ်. . . (မှန်လှပါ)။

## ဖြစ်ပျက်ကိုကြပ်ကြပ်ကြည့်ပေးပါ

တစ်ခါအဲဒီလို ကြည့်ကြည့်-ကြည့်ကြည့်ပေးပါတဲ့၊ ဖြစ်ပျက်ကို ကြပ်ကြပ်ကြည့်ပေးပါလို့ မဟောဘူးလား . . . (ဟောပါတယ်ဘုရား)။

ဘာကြည့်ကြည့် -ကြည့်ကြည့် ပေးရမလဲ. . . (ဖြစ်ပျက်ကို ကြည့်ကြည့်ပေးရပါမယ်ဘုရား)။

ကဲ. . . ဒကာ ဒကာမတို့ ဖြစ်ပျက်လာတဲ့ ပါဠိတော် ရှင်းပလား . . . (ရှင်းပါပြီ)။

မဟာပရိနိဗ္ဗာန်သုတ် ကိုယ်တော်မြတ်ကြီးက ပရိနိဗ္ဗာန်စံပြီး သိကြားကရွတ်တာ. . . (မှန်ပါ့)၊ ကိုယ်တော်မြတ်ကြီးရှိတုန်းက ကိုယ်တော်တိုင်ဟောခဲ့တာ. . . (မှန်ပါ့)။

အဲဒါသိကြားက အတုခိုးပြီးတော့ ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန်စံတာ မဟုတ်ပါဘူးတဲ့၊ သင်္ခါရတရားတို့ အနိစ္စတရားတို့ ကုန်သွားတာပါတဲ့. . . (မှန်ပါ့)။

သင်္ခါရတရား အနိစ္စတရားကုန်သွားတာ၊ အဲဒါ ဘာခေါ်ကြမယ် . . . (နိဗ္ဗာန်)၊ သဘောကျပလား . . . (ကျပါပြီ)။

သင်္ခါရနဲ့ အနိစ္စကုန်သွားရင် . . . (နိဗ္ဗာန်ပါဘုရား)၊ **သဘောပါကြပလား**. . . (ပါ-ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ သင်္ခါရနဲ့ အနိစ္စကို ဆက်တွေ့ **နေသေးတယ်**ဘုရား. . . (မှန်ပါ့)၊ အဲဒါ ဝိပဿနာဉာဏ် **လုပ်တုန်းလို့**မှတ်. . . (မှန်ပါ့)။

သင်္ခါရတွေ အနိစ္စတွေပဲ ဖြစ်ပျက်တွေပဲ တွေ့နေ သေးတယ်ဘုရား. . . ဆိုရင်ဖြင့် ဒကာ ဒကာမတွေ ဘာဉာဏ်ရနေပါလိမ့် . . . (ဝိပဿနာဉာဏ်ရနေပါတယ် ဘုရား)။

## သင်္ခါရဆုံးတော့ အသစ်တတွေ့

ဟာ. . . တပည့်တော် ကြည့်တာဘုရား၊ ကြည့်ရင်း မတ္တနဲ့ ဒါတွေရှာမတွေ့ဘူးဘုရား . . . (မှန်ပါ့)၊ ရှာမတွေ့ တော့ဘူး။

ဒီ သင်္ခါရ အနိစ္စတွေ ဒကာကြွယ်ဘာတဲ့. . . (ရှာမတွေ့ပါဘုရား)၊ ရှာမတွေ့တော့ သင်္ခါရတွေဆုံးပြီ. . . (မှန်ပါ့)၊ သင်္ခါရအနိစ္စတွေ . . . (ဆုံးပါပြီဘုရား)။

ဒါဖြင့် ဒီနေရာ ထူးထူးခြားခြား ကလေးမှတ်၊ သင်္ခါရဆုံးတော့ အသင်္ခတတွေ့တယ် . . (မှန်ပါ့ဘုရား)။

## အနိစ္စဆုံးတော့ နိစ္စနိဗ္ဗာန်တွေ့

သင်္ခါရဆုံးတော့ . . . (အသင်္ခတဓာတ်တွေ့ပါတယ်ဘုရား)၊ အနိစ္စဆုံးတော့ နိစ္စနိဗ္ဗာန်တွေ့တယ် . . (မှန်ပါ့)၊ ရှင်းရဲ့လား . . . ရှင်းရဲ့လား . . . (မှန်ပါ့)။

သင်္ခါရဆုံးတော့ ဘာတွေ့သလဲ . . . (အသင်္ခတတွေ့ပါတယ်)၊ အနိစ္စဆုံးတော့ . . . (နိစ္စနိဗ္ဗာန်တွေ့ပါတယ်)၊ နိစ္စနိဗ္ဗာန်တွေ့တော့ ဒီဘက်မှာ နိဗ္ဗာန်လာတွေ့တယ် . . (မှန်ပါ့ဘုရား)။

ဆုံးအောင်လိုက်တဲ့ပုဂ္ဂိုလ် ဒီနိဗ္ဗာန်လာတွေ့တယ် . . . (မှန်ပါ့)၊ အသင်္ခတနိစ္စ နိဗ္ဗာန် တွေ့တယ် . . . (မှန်ပါ့ဘုရား)။

အသင်္ခတဆိုတာ ဘယ်သူမှမပြုပြင်ဘဲနဲ့ ပေါ်နေတာ . . . (မှန်ပါ့)၊ ပြီးတော့လည်း ခိုင်မြဲလိုက်တာလည်း လွန်လို့ဆိုတော့ မပြုပြင်ဘဲနဲ့ ခိုင်မြဲတဲ့ နိဗ္ဗာန်တွေ့တယ် . . . (မှန်ပါ့)၊ သင်္ခါရဆုံးအောင် လိုက်ကြ. . . (မှန်ပါ့)၊ တော်တော်သဘောပါတယ်နော်. . . (ပါ, ပါတယ်ဘုရား)။

## အသစ်တနိစ္စနိဗ္ဗာန်

သင်္ခါရဆုံးအောင်လိုက်ရင် ဘာတွေ့မယ် . . . (နိဗ္ဗာန်တွေ့ပါမယ်ဘုရား)၊ အသစ်တနိစ္စနိဗ္ဗာန် . . . (မှန်ပါ့)။

ကြည့်လေ သင်္ခါရဆုံးသွားတော့အသစ်တဘက်တွေ့ပြီ. . . (မှန်ပါ့)၊ အနိစ္စကဆုံးသွားပြီး တွေ့တဲ့အခါမှာ ဘာတွေ့သလဲ . . . (နိဗ္ဗာန်တွေ့ပါတယ်)၊ ဒါဖြင့် အသစ်တနိစ္စနိဗ္ဗာန်တွေ့တယ် . . . (မှန်ပါ့)၊ ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ဘာတွေ့ပါလိမ့်. . . (အသစ်တ နိစ္စနိဗ္ဗာန်တွေ့ပါတယ်ဘုရား)။

## နိဗ္ဗာန်သည်ဘယ်မှာရှိသတုံး

ဒါဖြင့် ဒကာသစ်တို့ ဒီလိုနေလို့ မတော်ဘူး . . . (မှန်ပါ့)၊ နိဗ္ဗာန်သည် ဒကာ ဒကာမတို့ ဘယ်မှာရှိသတုံးဆိုတော့ သင်္ခါရအဆုံး အနိစ္စအဆုံးမှာရှိတယ် . . . (မှန်ပါ့)။

ဩော်. . . နိဗ္ဗာန်ဟာ ဘယ်မှာရှိပါလိမ့်. . . (သင်္ခါရအဆုံး အနိစ္စအဆုံးမှာရှိပါတယ်ဘုရား)။

မှတ်မိပြီ ဒကာကြွယ်ရေ. . . (မှတ်မိပါပြီ)၊ ဦးလှဘူး ဘယ်မှာရှိသတုံး. . . (သင်္ခါရအဆုံး အနိစ္စအဆုံးမှာရှိပါတယ်)၊ ဦးမာတင်ဘယ်မှာရှိသတုံး . . . (သင်္ခါရအဆုံး အနိစ္စအဆုံးမှာရှိပါတယ်ဘုရား)။

ကြော်. . . ဟုတ်ပြီ၊ ဟုတ်ပြီ ဒကာ ဒကာမတို့ ဒါဖြင့် သင်္ခါရရဲ့ အနိစ္စဆုံးတော့ ဖြစ်ပျက်မှုမတွေ့သေးတဲ့ ပုဂ္ဂိုလ် ဘယ်တော့မှ နိဗ္ဗာန်မရဘူး . . . (မရပါဘုရား)၊ သူတွေ့ပြီးမှ နိဗ္ဗာန်တွေ့ရမယ်. . . (မှန်ပါ့)။

## ရှုမှုန်းလို့ဆုံးတဲ့အခါ နိဗ္ဗာန်တွေ့မယ်

သင်္ခါရရဲ့ အနိစ္စကို တွေ့ပြီးလို့ တော်တော်ကြာလို့ သူ့ကို ရှုမှုန်းလို့ဆုံးတဲ့အခါကျတော့မှ အသင်္ခတနဲ့ နိစ္စနိဗ္ဗာန် တွေ့မယ်. . . (တွေ့ပါတယ်ဘုရား)။

ဒါဖြင့် ဝိပဿနာဉာဏ်မပါဘဲနဲ့ မဂ်ဉာဏ်မြင်တဲ့ နိဗ္ဗာန် ဘယ်တော့မှ မရဘူး. . . (မရပါဘုရား)။

ဝိပဿနာဉာဏ် အမြင်မရှင်းဘဲနဲ့ . . . (မဂ်ဉာဏ် မြင်တဲ့ နိဗ္ဗာန်မရပါ)၊ နိဗ္ဗာန်မြင်တဲ့ မဂ်ဉာဏ်ကို . . . (မရပါ ဘုရား)။

မရနိုင်ဘူးဆိုတဲ့ဥစ္စာ ကဲ. . . အားလုံး ဒကာ ဒကာမ တွေပဲ ဆုံးဖြတ်ချက်ချ၊ ဒါ. . . ဆုတောင်းသမားမှ တွေ့မှာမလား . . . အလုပ်သမားမှ တွေ့မှာလား . . . (အလုပ်သမားမှ တွေ့မှာပါဘုရား)။

## ဆုတောင်းသမားနဲ့ နဲနဲမှမဆိုင်

ဒကာကြွယ်. . . ပေါ်ပြီဗျာ. . . (ပေါ်ပါပြီဘုရား)၊ ဆုတောင်းသမားနဲ့ နည်းနည်းမှမဆိုင်ဘူး . . . (မှန်ပါ့)။

သူက အလုပ်သမားမှ ရှေးဦးစွာ ဘာတွေချည့် တွေ့နေရမတုံး ဒကာ ဒကာမတို့ စဉ်းစားကြည့်စမ်း . . . (သင်္ခါရအနိစ္စတွေ့နေရပါမယ်ဘုရား)။

အဲ. . . သင်္ခါရ အနိစ္စ၊ ဥပ္ပါဒဝယ ဥပ္ပနိဗ္ဗတ္တာ နိရုဇ္ဈန္တိ ဒါပဲတွေ့ရမယ် . . . (မှန်ပါ့)၊ ဒီ့ပြင်ဘာတွေ့စရာ ရှိသေးသတုံး. . . (ဘာမှမရှိပါဘုရား)။

ဒီသုံးခုကို ဒကာသစ်ပေါင်းချင်တိုင်းပေါင်း ဖြစ်ပျက်ပဲ . . . (မှန်ပါ့)၊ ဒီသုံးခုဟာ ဖြစ်ပျက်ထပ်ဆိုနေတာ. . . (မှန်ပါ့)၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဖြစ်ပျက်တွေ့တဲ့ဉာဏ် ဘာဉာဏ်ခေါ်ကြမလဲ . . . (ဝိပဿနာဉာဏ်ပါဘုရား)။

## ဖြစ်ပျက်အဆုံးနိဗ္ဗာန်တွေ့တယ်

ဟာ. . . တပည့်တော်ဖြင့် အဖြစ်လဲ မတွေ့တော့ဘူး၊ အပျက်လဲ မတွေ့တော့ဘူးဘုရား၊ ခန္ဓာကိုယ်မရှိတော့ဘူး . . . (မှန်ပါ့)၊ ဘာတွေ့သွားသတုံး . . . (နိရောဓနိဗ္ဗာန်တွေ့ပါတယ်ဘုရား)။

နိဗ္ဗာန်တွေ့တယ် . . . (မှန်ပါ့)၊ သင်္ခါရအဆုံး တွေ့တယ်. . . (မှန်ပါ့)၊ အနိစ္စအဆုံး. . . (တွေ့ပါတယ် ဘုရား)။

ဒါဖြင့် ဒီဥစ္စာ ဒကာ ဒကာမတို့ နိဗ္ဗာန်ဘယ်မှာ ရှိသတုံးလို့ သူများကမေးလို့ရှိရင် အို. . . သင်္ခါရအဆုံးမှာ ရှိပါတယ်. . . (မှန်ပါ့)၊ အနိစ္စအဆုံးမှာ. . . (ရှိပါတယ် ဘုရား)။

ဩော်. . . ဒါဖြင့် နိဗ္ဗာန်ဟာ ရှိတဲ့တရားလား၊ မရှိတဲ့ တရားလား. . . (ရှိတဲ့တရားပါဘုရား)။

ရှိတဲ့တရားဘယ့်နှယ့်ကြောင့် ဒီဒကာ ဒကာမတွေ မတွေ့ကြမရောက်ကြပါလိမ့်မတုံးဆိုတော့ အို. . . သူက သင်္ခါရနဲ့ အနိစ္စကို မတွေ့သေးဘူး. . . (မှန်ပါ့)။

မတွေ့သေးတော့ သင်္ခါရအဆုံး အနိစ္စအဆုံးဆိုတဲ့ ဥစ္စာ လမ်းစမှမတွေ့ဘဲနဲ့ ဦးမာတင် လမ်းဆုံးတွေ့ချင်လို့ . . . (မရပါဘုရား)၊ ဖြစ်နိုင်စရာရှိသေးရဲ့လား . . . (မရှိပါ ဘုရား)။

## ဖြစ်ပျက်တွေ့ရင်မပူနဲ့တော့

ဒါ့ကြောင့် အားလုံး အရင်းအချာတွေပြောရတယ်၊ ဒကာ ဒကာမတို့ . . . (မှန်ပါ့)၊ ဖြစ်ပျက်တွေ့ရင် မပူနဲ့တော့ဟေ့ . . . (မှန်ပါ့)။

ဘာတဲ့တုံး. . . (ဖြစ်ပျက်တွေ့ရင်မပူနဲ့)၊ မင်းသခီရ တွေ့ပြီ အနိစ္စတွေ့ပြီ . . . (မှန်ပါ့)၊ မင်းအဲဒီအတိုင်းသာ ဉာဏ်က မေးလိုက်သွား. .. (မှန်ပါ့)၊ ဖြစ်ပျက်ပဲ ပေပြီးရှုနေ . . . (မှန်ပါ့)။

ပေရှုနေရင် ဖြစ်ပျက်တွေဟာ ကြာတော့ မုန်းလာ တယ်၊ မလိုချင်အောင်ဖြစ်လာတယ်ဆိုတာ လာဦးမှာပဲ. . . (လာမှာပါဘုရား)၊ ဉာဏ်ကမရင့်ပေဘူးလား . . . (ရင့်ပါ တယ်ဘုရား)၊ ရင့်တော့ သူဘာဖြစ်သွားသတုံး. . . (ဆုံး သွားပါမယ်ဘုရား)။

ဆုံးသွားတော့ သခီရလဲ ဆုံးသွားရော ဘာတွေ့ သတုံး. . . (နိဗ္ဗာန်တွေ့သွားပါတယ်)၊ အသင်္ခတနိဗ္ဗာန် . . . (မှန်ပါ့)။

## အနိစ္စအဆုံးမှာနိဗ္ဗာန်

အနိစ္စဆုံးသွားတော့ ဘာတွေ့သတုံး . . . (အသင်္ခ တနိဗ္ဗာန်တွေ့ပါတယ်)၊ အဲ. . . သူတို့အဆုံးမှာနေတာဗျ . . . (မှန်ပါ့)။

နိဗ္ဗာန်ဟာ ဒကာကြွယ် သခီရ၏အဆုံးမှာ နေတယ် ဗျ. . . (မှန်ပါ့)၊ အနိစ္စ၏အဆုံးမှာ . . . (နိဗ္ဗာန်နေပါတယ် ဘုရား)။

ဒါဖြင့် ဒကာသစ်တို့၊ ဦးမာတင်တို့ စဉ်းစား ကြော် . . . ဒီနှစ်ခုမတွေ့သေးတဲ့ ပုဂ္ဂိုလ်များ နိဗ္ဗာန်ဟာ ဝေးပါသေးရဲ့ . . . (မှန်ပါ့)၊ ဆုံးဖြတ်ချက်ချပါ ယနေ့တရားပွဲမှာ . . . (မှန်ပါ့)။

သခ်ါရနဲ့ အနိစ္စမှ မတွေ့သေးတဲ့ပုဂ္ဂိုလ်ဖြင့် . . . နိဗ္ဗာန်ဟာ . . . (ဝေးပါသေးတယ်ဘုရား)။

ကဲ . . . တိုတိုပြောကြစို့ ဖြစ်ပျက်မှ မတွေ့သေးတဲ့ ပုဂ္ဂိုလ်ဖြင့် . . . (နိဗ္ဗာန်ဟာဝေးပါသေးတယ်ဘုရား)။

ဒကာကြွယ် နိဗ္ဗာန်မရောက်ဘူးဗျ . . . (မှန်ပါ့)၊ ဦးမာတင် ဆုံးဖြတ်ချက်ချ . . . (မှန်ပါ့ဘုရား)။

ဖြစ်ပျက်မှမတွေ့တဲ့ ပုဂ္ဂိုလ်ဖြင့် နိဗ္ဗာန်ဘယ့်နှယ်တုံး . . . (ဝေးပါတယ်)၊ ဘယ်တော့မှ မရောက်ဘူးလို့ ဆုံးဖြတ်ချက်ချ . . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

ဒါဖြင့် ဒီဂါထာအကြောင်းကို ဒကာသစ် ကောင်းကောင်း ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## ဒီဂါထာကို လူတိုင်းကျက်ထားပါ

ဒါဖြင့် ခင်ဗျားတို့ မေးပြီးတဲ့ဒီဂါထာ လူတိုင်းလဲ ရအောင်ကျက်ထားပါ . . . (မှန်ပါ့)၊ ကိုယ့်အလုပ်စဉ်လဲ ဖြစ်ပါတယ်နော် . . . (မှန်ပါ့ဘုရား)။

ကဲ. . . ဒါဖြင့် ဘုန်းကြီးက ဒီရှေ့ကရွတ်ပြမယ်၊ ဟောဒါက ဝိပဿနာဉာဏ်၊ ဟောဒါကမဂ်ဉာဏ်လို့ ခင်ဗျား တို့ရွေးနိုင်ရမယ်. . . (မှန်ပါ့ဘုရား)။

ကဲ. . . ဒါဖြင့် '**အနိစ္စာဝတသင်္ခါရာ**'ကို မြင်ရင် ဒါမြင်ရင် ဘာဉာဏ်ခေါ်ကြမလဲ. . . (ဝိပဿနာဉာဏ်ပါ ဘုရား)။

'**ဥပ္ပါဒဝယ ဓမ္မိနော**'တဲ့၊ ဖြစ်တာနဲ့ ပျက်တာကို မြင်ရင်ကော . . . (ဝိပဿနာဉာဏ်ပါဘုရား)။

'**ဥပ္ပဇ္ဇိတွာနိရုဇ္ဈန္တိ**'တဲ့၊ ဖြစ်ပြီးချုပ်တာ မြင်ရင်ကော . . . (ဝိပဿနာဉာဏ်ပါဘုရား)။

## ချမ်းသာအစစ်နိဗ္ဗာန်

ဩော်. . . ဝိပဿနာဉာဏ်ဖြစ်ပျက်ဟောနေတာ ပါဠိလိုကိုး. . . (မှန်ပါ့)၊ သေချာပလား. . (သေချာပါပြီ ဘုရား)။

'**တေသံ ဝူပသမော သုခေါ**' ဆိုတော့ ဘယ်ဉာဏ် ပြတာတုံး. . . (မဂ်ဉာဏ်ပြတာပါဘုရား)။

**တေသံ**=ထိုဖြစ်ပျက်နှစ်ပါးတို့၏၊ **ဝူပသမော**=ဖြစ်ခြင်း ကုန်ခြင်းသည် (ဝါ) ချုပ်ရာ ကုန်ရာဖြစ်တဲ့ နိဗ္ဗာန်သည်၊ **သုခေါ**=နိဗ္ဗာန်ပဲတဲ့ . . . (မှန်ပါ့)၊ (ဝါ) ချမ်းသာအစစ်ပဲ . . . (မှန်ပါ့)၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် နောက်ပါဠိက နိဗ္ဗာန်ပြတာ . . . (မှန်ပါ့)၊ အရင်ပါဠိသုံးခုက ဝိပဿနာဉာဏ်ပြတာ . . . (မှန်ပါ့ဘုရား)။

## ဝိပဿနာရှုမှ နိဗ္ဗာန်ရမယ်

ဒါဖြင့် ဝိပဿနာရှုမှ နိဗ္ဗာန်ရမယ် . . . (မှန်ပါ့)၊ ဝိပဿနာမရှုရင်. . . (နိဗ္ဗာန်မရပါဘုရား)။

အဲဒါဘုန်းကြီးက ပြောတာလား ဘုရားကဟောတာလား. . . (ဘုရားကဟောတာပါဘုရား)၊ သေချာပလား . . . (သေချာပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဝိပဿနာဉာဏ် ရှေ့သွားလို့ရှိရင် မဂ်ဉာဏ်ဆိုတဲ့ နိဗ္ဗာန်မြင်တဲ့ မဂ်ဉာဏ်ဟာ ကေန်ရပါတယ်. . . (မှန်ပါ့ဘုရား)၊ ဒကာကြွယ် သေချာပလား . . . (သေချာပါပြီဘုရား)။

ကိုင်း . . . ယနေ့ ဒီတွင် တော်ကြဦးစို့ . . .။

သာဓု . . . သာဓု . . . သာဓု